# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ◆ ပြည်ထောင်စုမပြိုကွဲရေး။
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၄၆)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၃ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ -၂၀၂၆ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၈၂၂၉၅၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းသိရှိရသည်။ စာသင်ကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများသင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ❖




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၃ ရက်)

# ရာသီဥတုအထူးသတိပြု နေထိုင်ရေး

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ရာသီဥတုမှာလည်းပတ်လျက်ရှိသည်။ နွေနှင့်ဆောင်းကာလသည် ပြည်သူများအတွက်သိသာထင်ရှားသောသဘာဝဘေးအန္တရာယ်မရှိလှသော်လည်း မိုးရာသီကာလသည် အထူးပင်သတိထားနေထိုင်ကြရမည့်အခြေအနေဖြစ်သည်။ ယခုရက်များအတွင်း မုတ်သုံလေအားကောင်းနေခြင်းကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကအသိပေးထုတ်ပြန်ထားသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အာသံပြည်နယ်ကိုဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏အကြွင်းအကျန်တိမ်တိုက်များကြောင့်လည်းကောင်း မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးစွာရွာသွန်းလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ကြရန်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားကြရမည်ဖြစ်သည်။ ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုကြရမည်ဖြစ်သည်။ ထို့အတူတောင်ကြားလမ်းများတွင် ဖြတ်သန်းသွားလာနေကြသောမော်တော်ယာဉ်များအနေဖြင့်လည်း မြေပြိုခြင်းအန္တရာယ်ရှိနိုင်ခြင်းကြောင့် သတိရှိရှိသွားလာကြရမည်ဖြစ်သည်။

မိုးရွာသွန်းခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာတတ်သောသဘာဝဘေးအန္တရာယ်မှာ နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသည့်အတွက် ပြည်သူများအနေဖြင့် အစဉ်အမြဲသတိရှိနေရမည်ဖြစ်သည်။ မြစ်ကြီးများနှင့်မြစ်ရေအခြေအနေနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာမှအချိန်နှင့်တစ်ပြေးညီ အသိပေးထုတ်ပြန်လျက်ရှိသည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ မြစ်ငယ်မြစ်၊ ရွှေကျင်မြစ်၊ သံလွင်မြစ်၊ ဝေန်မြစ်၊ တိုးမြစ်၊ ဘီးလင်းမြစ်စသည်ဖြင့်မြစ်ကြီးများအနီးရှိ မြို့ရွာများရှိပြည်သူများအနေဖြင့်လည်းသတိရှိနေကြရမည်ဖြစ်သည်။ မြစ်ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးပြိုခြင်း၊ လူနေအိမ်များရေထဲမျောပါခြင်းမျိုးမဖြစ်စေရန်အတွက် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် ကြိုတင်ရွှေ့ပြောင်းခြင်း၊ ကာကွယ်ခြင်းများပြုလုပ်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များမှာ ငလျင်လှုပ်ခတ်ခြင်းမှအပ ကြိုတင်ကာကွယ်မှုဖြင့်ပြင်ဆင်နိုင်သည့်အချိန်ကာလတစ်ခုရှိနေကြသည့်အတွက် ပြည်သူများအနေဖြင့် မမေ့မလျော့မပေါ့မဆသောသတိတရားဖြင့် နေထိုင်ကြရမည်ဖြစ်သည်။ ရေဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရန်မှာ မိမိအိမ်ပတ်ဝန်းကျင်ရှိဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့်မိသားစုဆုံရပ်ကိုကြိုတင်သတ်မှတ်ခြင်းများကိုကြိုတင်ဆောင်ရွက်ထားရမည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအပိုင်းများနှင့်ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားများတွင် ဖော်ပြပေးလျက်ရှိသည်ကိုလည်း ပြည်သူများသိရှိထားရမည်ဖြစ်သည်။ အထူးသတိပြုဆောင်ရွက်ရမည့်အချက်မှာ ပေါ့ပါးပြီးရေစိုခံကာ သယ်ယူရလွယ်ကူသောအိတ်ဖြင့် ပစ္စည်းများထည့်ထားခြင်းဖြစ်သည်။ ရေနှင့်ခြောက်ဆားများ၊ ကြာရှည်ခံအစားအစာများ၊ ရှေးဦးသူနာပြုပစ္စည်းများနှင့်သုံးစွဲနေသည့်ဆေးဝါးများ၊ အရေးပေါ်ခြုံစောင်၊ အဝတ်အစားများ၊ ရေစိုခံမိုးကာ၊ အကြမ်းခံသည့်ဖိနပ်၊ ဘက်ထရီအပြည့်ရှိသည့်ဖုန်းနှင့် ရေဒီယို၊ လက်နှိပ်ဓာတ်မီး/ မီးအိမ်နှင့်ဓာတ်ခဲအပိုများ၊ ဘက်စုံသုံး အိပ်ဆောင်ဓား၊ ကြိုး၊ ဖယောင်းတိုင်၊ မီးခြစ်၊ အခြားသူများအာရုံစိုက်မှုရစေရန် လိုအပ်သည့်ဝီစီ၊ တစ်ကိုယ်ရေသုံးအသုံးအဆောင်များ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်းများ၊ ငွေသားများ၊ ကလေးများ၏ကျောင်းသုံးပစ္စည်းများစသည်တို့ကို အစဉ်အမြဲကြိုတင်စုဆောင်းကာတစ်နေရာတည်းတွင် မှတ်မှတ်သားသားထားရှိရမည်ဖြစ်သည်။ ဘေးအန္တရာယ်ကြုံလာသည်နှင့် ပထမဆုံးယူဆောင်နိုင်အောင်သတိထားရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မြေပြိုခြင်းအန္တရာယ်နှင့်ကြုံတွေ့ရပါက မြေပြိုထားသောပတ်ဝန်းကျင် အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးများနှင့်အဝေးဆုံးတွင်နေထိုင်ခြင်း၊ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရရှိမှသာလျှင်ဝင်ရောက်နေထိုင်ခြင်းတို့ပြုလုပ်ကြရမည်။ မြေပြိုခြင်းကြောင့် ဒဏ်ရာရသူနှင့်ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြား၍ အကူအညီတောင်းရမည်။ ဘေးအန္တရာယ်ကြုံတွေ့မှုဖြစ်ပေါ်တိုင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများအားအထူးဂရုပြုစောင့်ရှောက်ကြရမည်။ မြေပြိုခြင်းသည်တောင်စောင်းအနီးပတ်ဝန်းကျင်တွင်နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းတို့ကြုံတွေ့ပါက မြေပြိုမှုဖြစ်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဖြစ်ပေါ်နေသောရာသီဥတုကိုအထူးဂရုပြုကာ မပေါ့မဆသောသတိဖြင့်နေထိုင်သွားလာကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်ဖွင့်

**ကော့သောင်း ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်း၌ ဇွန်လ ၂ ရက် နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်ကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းတရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကအပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ဂိတ် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

အဆိုပါအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကော့သောင်းမြို့ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်ဂိတ် အဆောက်အအုံအား တာဝန်ယူတည်ဆောက်သည့် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်စိုးက တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

# ကျောက်မြောင်းမြို့နယ်ခွဲ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၇၂၃၂ ဧက စိုက်ပျိုးမည်

**ကျောက်မြောင်း ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

" ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကျောက်မြောင်းမြို့နယ်ခွဲမှ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားမယ် "ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းကပြောသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့် ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးမည်ဖြစ်သည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၆-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၁၀ နှလုံးသားဝယ်ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၁၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဥပ္ပါတသန္တိစေတီတော် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောပရိယတ္တိစာသင်တိုက် မဟာအာရုံခံဗိမာန်တော်၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များ၊ သီလရှင်များနှင့် ပျဉ်းမနားစာဖြေဌာနရှိ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေ ၁၀ သိန်း ဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ပျဉ်းမနားစာဖြေဌာန၌ သံဃာ ၁၂၀ ပါးနှင့် သီလရှင် ၁ ပါး စုစုပေါင်း ၁၂၂ ပါး စာရင်းသွင်း၍ စာဖြေသံဃာ ၉၂ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဓမ္မာစရိယစာဖြေဌာန ၆၅ ဌာနတို့တွင် ၂၀၂၅ ခုနှစ် မတ်လ ၂၅ ရက်မှစတင်၍ ကျင်းပဖြေဆိုခဲ့ရာ၌ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှောက်ကြီးကြောင့် ယာယီရပ်ဆိုင်းခဲ့ရသဖြင့် ဖြေဆိုရန်ကျန်ရှိသည့် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန်လ ၂ ရက်မှ ၆ ရက်အထိ ပြန်လည်ကျင်းပလျက်ရှိပြီး ယနေ့ အစိုးရဓမ္မာစရိယစာမေးပွဲသည် ဖြေဆိုရန်ကျန်ရှိသော ဓမ္မသင်္ဂဏီ(ပထမနေ့) စတင်ဖြေဆိုခြင်းဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲများကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အစိုးရပါဠိပထမပြန်စာဖြေဌာန ၂၀၆ ဌာနတို့တွင် ၂၀၂၅ ခုနှစ် ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးလျှောက်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများအား စက်ယန္တရားများအသုံးပြု၍ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် လုပ်အားဒါနကုသိုလ်ပြုကြသည့် (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၃၇၀၈၇၀၀ လှူဒါန်းသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့)ကျင်းပ

**နေပြည်တော် ဇွန် ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၁၀၂၇ ပါး/ဦးအနက် ၈၆၃၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၂၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **မြဝတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက်ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၂-၆-၂၀၂၅

ဖြေဆိုသည့် ဘာသာ၊ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(ပထမနေ့)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၁၁၀၂၇ | ၈၆၃၀ | ၂၃၉၇ | ၇၈.၂၆ |

# ပညာသင်ချီးမြှင့်ငွေပေးအပ်ပွဲနှင့်ဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ချီးမြှင့်ငွေပေးအပ်ပွဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပညာသင်ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် "မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့် လစဉ်စောင့်ရှောက်ထောက်ပံ့ကူညီမှု အစီအစဉ်"အရ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လစဉ်ထောက်ပံ့မှုဖြင့် ဇွန်လအတွက် အမှုထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို ကော်မရှင်အတွင်းရေးမှူးက ပေးအပ်ကာ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြား၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကော်မရှင်အနေဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ချီးမြှင့်ငွေများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၂၃၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀/- နှုန်းဖြင့် ငွေကျပ် ၂၃၄၀၀၀၀၀/- ကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၂၃၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀/-နှုန်းဖြင့် ငွေကျပ် ၇၁၄၀၀၀၀၀/-ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၅-၅-၂၀၂၅ရက် ည ၈ နာရီမှ ၁-၆-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသန်းဝန်းကျင်တင်ပို့ရန်လျာထား

**ရန်ကုန် ဇွန် ၂**

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသန်းဝန်းကျင် တင်ပို့ရန်လျာထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ သိရသည်။

"ပြည်ပကို လောလောဆယ် တစ်လကို ဆန်နဲ့ဆန်ကွဲတန်ချိန် နှစ်သိန်းလောက် တင်ပို့နေတယ်။ ဒီဘဏ္ဍာနှစ်အတွက်ကတော့ တန်ချိန် သုံးသန်းတင်ပို့ဖို့ လျာထားပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။



ပြီးခဲ့သည့်ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂ ဒသမ ၅ သန်းခန့်တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၁၄၂၇၈၈ တန် တင်ပို့ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ တင်ပို့လျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရန် လျာထားချက်ပမာဏ တန်ချိန်နှစ်သန်းခွဲ မပြည့်မီခဲ့သော်လည်း တန်ချိန် ၂ ဒသမ ၄၈၇ သန်း (လျာထားချက်၏ ၉၉ ရာခိုင်နှုန်းကျော်) တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်၏တစ်သက်တာတွင် မကြာခဏချီးမွမ်းခြင်း ခံခဲ့ရသူတစ်ယောက်မဟုတ်သော်လည်း ဤအချက်ကလေး၊ ထိုအချက်ကလေးများကြောင့် ရံဖန်ရံခါ လူချီးမွမ်းခံရခြင်း များလည်း အထိုက်အလျောက်ရှိခဲ့ဖူးသည်ဖြစ်ရာ တစ်သက် လုံးတွင် ခံခဲ့ရဖူးသမျှသော ချီးမွမ်းမှုများကို စုပေါင်းလိုက် စေကာမူလည်း ကိုသိန်းဖေ၏ ဤတစ်ကြိမ်ချီးမွမ်းခံခဲ့ရခြင်း ကဲ့သို့ ကျွန်ုပ်နှစ်သက်လိမ့်မည်မဟုတ်ချေ . . ."

**ယမန်နေ့မှအဆက်**

ရက်သတ္တပတ်ခန့်ကြာသောအခါ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့နှစ်ယောက်တည်း လမ်းလျှောက်ထွက်လာကြရာတွင် ကိုသိန်းဖေက "ခင်ဗျားဟာ တော်တော်ကြီးအသိရခက်တဲ့ လူတစ်ယောက်ပဲဗျာ" ဟုပြော၏။

"ဘာကြောင့်လဲဗျ"

"ခင်ဗျားနဲ့ကျုပ် ရင်းနှီးလာခဲ့ကြတာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်လို့ ခင်ဗျားအကြောင်းကို ကျုပ်အားလုံးသိရပြီးပြီလို့ မှတ်ထင်ခဲ့မိတယ်၊ ခုတော့ ဘယ်ဟုတ်ပေမလဲဗျာ"

"ဘာတွေများ ထပ်တွေ့နေရပြန်လို့လဲဗျာ"

"ကျုပ်အမေကလေ ခင်ဗျားကို လူကောင်းလို့မထင်ရှာဘူး၊ ခင်ဗျားကြောင့် ကျုပ် ပျက်စီးရတယ်လို့တောင် ပြောဖူးသေးတယ်။ ကျုပ်က ရှင်းပြလို့တောင် သူယုံမသွားရှာဘူး၊ ခင်ဗျားအမေနဲ့ ခင်ဗျားနေကြပုံကို ကျုပ်အမေမြင်စမ်းစေချင်တယ်ဗျာ"

"ဒါက ချီးမွမ်းစရာလားဗျာ၊ ကိုယ့်အမေကတော့ ကိုယ်ချစ်ကြတာချည်းပေါ့ဗျာ"

"ခင်ဗျားတို့သားအမိက ချစ်ကြရုံမကဘူး၊ တစ်ယောက်အလိုက်ကို တစ်ယောက်က သိပ်သိတတ်ကြတာပဲ၊ ဒီသားအမိမျိုးမတွေ့ဖူးပေါင်ဗျာ၊ ကျုပ် သိပ်ကျေနပ်တယ်။ ဒီတစ်ချက်ကြောင့် ခင်ဗျားကို ကျုပ်က သိပ်လေးစားတယ်ဗျာ၊ ကျုပ်တို့နဲ့ဆိုတာတော့ အပြတ်အသတ်ကွာပေတာပဲ"

## ကြွားလိုက်ချင်ပါသည်

ကျွန်ုပ်၏တစ်သက်တာတွင် မကြာခဏချီးမွမ်းခြင်းခံခဲ့ရသူတစ်ယောက် မဟုတ်သော်လည်း ဤအချက်ကလေး၊ ထိုအချက်ကလေးများကြောင့် ရံဖန်ရံခါ လူချီးမွမ်းခံရခြင်းများလည်း အထိုက်အလျောက်ရှိခဲ့ဖူးသည်ဖြစ်ရာ တစ်သက်လုံးတွင် ခံခဲ့ရဖူးသမျှသော ချီးမွမ်းမှုများကို စုပေါင်းလိုက်စေကာမူလည်း ကိုသိန်းဖေ၏ ဤတစ်ကြိမ်ချီးမွမ်းခံခဲ့ရခြင်းကဲ့သို့ ကျွန်ုပ်နှစ်သက်လိမ့်မည်မဟုတ်ချေ။ ဘာကောင်းသည် ညာကောင်းသည်၊ ဘာတော်သည် ညာတော်သည်ဆိုခြင်းများသည် ကျွန်ုပ်အဖို့ ထိခိုက်လှအောင်မရှိလှ။ ကျွန်ုပ်အကြောင်းကို ကောင်းကောင်းသိသောမိတ်ဆွေတစ်ယောက်တလေက ကျွန်ုပ်၏မိခင်အပေါ်၌ ကျွန်ုပ်စိတ်ထားပုံ၊ ဂရုစိုက်ပုံ၊ ကြင်နာပုံ၊ လေးစားပုံနှင့်ပတ်သက်၍ လှိုက်လှိုက်လှဲလှဲ အားရပါးရချီးကျူးပြောဆိုခြင်းကို ကြားလိုက်ရသောအခါတွင်မူကား ကျွန်ုပ်၏ ရင်ဘတ်ထဲမှ လှိုင်းတံပိုးထလာပြီးလျှင် ကတုန်ကယင်ဖြစ်လာ၍ မျက်ရည်များဝိုင်းလျက် ကိုသိန်းဖေ၏လက်နှစ်ဖက်ကို ကျွန်ုပ်၏လက်နှစ်ဖက်ဖြင့် အကြိမ်ပေါင်း ၂၀ မက လှုပ်ယမ်းဆွဲခါမိပါတော့သည်။ ကိုသိန်းဖေကိုယ်တိုင်မှာလည်း ကျွန်ုပ်၏တုန်လှုပ်ခြင်းကိုမြင်ရ၍ အံ့အားသင့်ကာ ငေးကြည့်နေတော့သည်။ ဤအဖြစ်ပျက်ကို ပြန်ပြောင်းဆင်ခြင်သည့်အခါ မိခင်အပေါ်၌ ကျွန်ုပ်၏ကြင်နာလေးစားမှုပိုမိုလာခဲ့ခြင်းသည် ရထားပေါ်တွင် ဖခင်နှင့်ခွဲခွာစဉ်ကစ၍ တစ်ဟုန်ထိုးတက်လာခြင်း ဖြစ်တန်ရာသည့်အပြင် မိခင်အား အဆုံးစွန်သောဝတ်ကြီးဝတ်ငယ်ပြုရခြင်းဖြစ်သည်ဟု သွေးပြော၍ ကျွန်ုပ်သိရခြင်း ဖြစ်တန်ရာသည်ဟူ၍လည်း ဆင်ခြင်တွေးတောမိပါသည်။ မိခင်ကိုယ်၌ကလည်း ကသာသို့ ရောက်သည်မှစ၍ ကျွန်ုပ်၏အပေါ်တွင် ရေးယခင်အချိန်များကထက်ပိုမို၍ စိတ်တိုင်းကျသည့်လက္ခဏာများ မြင်တွေ့ရသည်ထင်မိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မိမိကိုယ်ကို သူတော်ကောင်းကြီးတစ်ယောက်အနေဖြင့် ဘယ်အခါမှ အထင်မရောက်ခဲ့စေကာမူ မိခင်၏စိတ်ကျေနပ်ပုံရခြင်းနှင့် ကိုသိန်းဖေ၏ ချီးမွမ်းခြင်းကို ခံလိုက်ရကတည်းက "ငါသည် ကိုသိန်းဖေ၏မိခင်နှင့် တချို့လူများထင်ကြသကဲ့သို့ လူဆိုးလူယုတ်မာကြီးတစ်ယောက် မဟုတ်နိုင်ပြီတကား" ဟုဆိုကာ သူတော်ကောင်းလှပါသည်ဆိုသော ပုဂ္ဂိုလ်မျိုးနှင့် မျက်နှာချင်းဆိုင်၍ ဦးခေါင်းထောင်လျက် စေ့စေ့ကြီးကြည့်ရဲပါတော့သည်။ (ဤစကားမှာ ပလွှားရာရောက်သော်လည်း စိတ်နှလုံးကောင်းပါလျက်နှင့် ပျော်ပျော်ပါးပါးနေချင်တတ်သည့် ပီမိုးနင်း၊ ကိုသိန်းဖေနှင့် ကျွန်ုပ်ကဲ့သို့သော လူများအပေါ်၌ တရားသမားများက အထင်သေးကြခြင်းကို အကြိမ်ကြိမ်ခံခဲ့ရဖူးသည့်အတွက်ကြောင့် တစ်ခါတစ်ရံ အန်ထုတ်လိုက်ရခြင်းဖြစ်ပါသည်။) ကိုသိန်းဖေကိုယ်တိုင်မှာလည်း မိခင်အပေါ်၌ ကျွန်ုပ်၏ကြင်နာပုံကိုမြင်ရသဖြင့် ဖော်ထုတ် ချီးကျူးလိုက်ရသောအချိန်မှစ၍ နောင်တအကြီးအကျယ်ရသည့်လက္ခဏာနှင့် မျက်နှာထားပြောင်းလဲသွားခြင်းကို ကျွန်ုပ်သတိပြုမိသည်။

## မိခင်၏ ထူးပုံ

ဇရစ်ချောင်ရွာ၌ ၁၅ ရက်ခန့် နေထိုင်ကြရသောအခါ သူရိယတိုက်အပေါ်၌ ဒေါက်တာသိန်းမောင်က အသရေဖျက်မှုနှင့် တရားစွဲထားသည့်အမှုနှင့်ပတ်သက်၍ မန္တလေးမြို့ ရုံးတစ်ရုံး၌ အမှုဆိုင်ရန် ရက်ချိန်းစေ့ရောက်လာ၏။ ပထမ၌ မိခင်သည် ကျွန်ုပ်အား ကသာမြို့မှာပင် စောင့်နေရစ်မည်ဟု အကြံပြုပြီးမှ ယင်းအကြံကို ဖျက်ပြီး ကျွန်ုပ်နှင့်အတူလိုက်ကာ ဝက်လက်ဘူတာတွင် ဆင်းနေရစ်မည်ဟုပြော၏။ မိခင်၏အကြံအစည်မှာ အကယ်၍ သူရိယတိုက်သို့ အလုပ်ပြန်ဝင်ခဲ့လျှင် ကျွန်ုပ်တို့နှင့်အတူလိုက်၍ ရန်ကုန်၌ နေမည်ဖြစ်သောကြောင့် ၎င်းအား ဝက်လက်၌ဝင်၍ ခေါ်ကြရန်ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သားအမိသည် မစိုးအား မိဘများနှင့် နှုတ်ဆက်ရန် မြတောင်သို့ပြန်လွှတ်၍ ကသာမြို့မှ မီးရထားဖြင့် ထွက်ခွာလာကြရာ ကိုသိန်းဖေ၏အိမ်သူအိမ်သားများသည် ကျွန်ုပ်၏မိခင်အား ထူးသောအမယ်ကြီးတစ်ယောက်ဟူ၍ အသိအမှတ်ပြုကာ ကျန်ရစ်ခဲ့ကြလေ၏။ မိခင်၏ထူးပုံကို အနည်းငယ်ဖော်ပြရလျှင် ထမင်းစားခြင်း၊ ရေချိုးခြင်း၊ လမ်းလျှောက်ခြင်း၊ အဝတ်လဲခြင်း၊ အိပ်ရာဝင်ခြင်း၊ အိပ်ရာမှထခြင်းစသောအမှုကြီးငယ်တို့ကို အချိန်နာရီနှင့် တိကျစွာဆောင်ရွက်ခြင်း၊ များစွာသောအမယ်အိုကြီးများကဲ့သို့ စကားဗလစ်ဗလစ်မပြောဘဲ ကိုယ့်အာရုံနှင့်ကိုယ် တိတ်ဆိတ်စွာနေတတ်ခြင်း၊ လောကီမှုရေးရာနှင့်ပတ်သက်လျှင် အတိုဆုံးချုံးပြော၍ အမြန်ဆုံးဖြတ်တောက်ပစ်တတ်ခြင်း၊ လူတစ်ဖက်သား၏အာဘော်ကို အမြဲအကဲခတ်၍ ဘယ်အခါမှ စကားလုံးပိုမပြောတတ်ခြင်း၊ မည်သူ့အားမျှ ဆန့်ကျင်ဘက်မပြောချင်တတ်ဘဲ အတိုချုံးပြီး အလိုက်သင့်ပြောလိုက်ခြင်း စသည်တို့ဖြစ်၏။ ကိုသိန်းဖေကမူ အချိန်နှင့်အလုပ်လုပ်သော မိခင်၏အလေ့အကျင့်ကို မြင်ရ၍ "ခင်ဗျားမယ်တော်ကြီးကြည့်ရတာ တကယ့်ဗိုလ်မကြီးတစ်ယောက်လိုရှိပါပေဗျာ" ဟု ပြောဖူးလေသည်။

## မိခင်အား နောက်ဆုံးမြင်ရခြင်း

ကျွန်ုပ်တို့သားအမိနှစ်ယောက်သည် ညနေခင်းတွင် ကသာမှထွက်ခွာကြ၍ နောက်နေ့နံနက်စောစောတွင် ဝက်လက်ဘူတာသို့ ဆိုက်ရောက်ကြလေရာ ကျွန်ုပ်ကြိုတင်ရိုက်ကြားထားသည့် ကြေးနန်းအရ ဘူတာမှ စောင့်ကြိုနေကြသည့်မိခင်၏ တပည့်မကြီးလေးငါးယောက်တို့ကို တွေ့ရ၏။ ကျွန်ုပ်၏မိခင်မှာ ဖခင်ကဲ့သို့ ဓမ္မကထိကတစ်ဦးမဟုတ်သော်လည်း တရားအားထုတ်ပုံ အားထုတ်နည်းကို လက်ထပ်သင်ပြထားသဖြင့် အလွန်ကျိုးနွံရှိသေသည့်တပည့်မိန်းမကြီး၊ မိန်းမငယ်တစ်ကျိပ်ခန့်ရှိ၏။ ၎င်းတို့မှာ အများအားဖြင့် ဖခင်၏ဆွေမျိုးဉာတိများဖြစ်ကြ၍ မိခင်အား ဝတ်ကြီးဝတ်ငယ်ပြုကြလေသည်။ မိခင်သည် ကျွန်ုပ်ကလွဲလျှင် ၎င်းမိန်းမကြီးများနှင့်နေရမှ စိတ်ငြိမ်းချမ်းမှုရရှိ၏။ "ဖခင် မပါသလော" ဟု ကျွန်ုပ်က မေးရာ မိန်းမကြီးများက အကြောင်းမကြားသဖြင့် မသိ၍မပါလာကြောင်း ပြောကြ၍ ၎င်းတို့၏မျက်နှာထားမှာ ထူးဆန်းသည်ဟု ကျွန်ုပ်သတိပြုမိသည်။ ရထားထွက်၍ ကျွန်ုပ်သည် ဘူတာဘက်သို့ လှမ်းကြည့်လိုက်သောအခါ တောရွာသူ အဒေါ်ကြီးများ၏အလယ်၌ မားမားမတ်မတ် သပ်ရပ်တည်ငြိမ်စွာ ရပ်လျက်ရှိသော မိခင်ကို မြင်လိုက်ပေရာ မိခင်သည် ကျွန်ုပ်ဘက်သို့လှည့်ကာ တစ်ချက်တည်းပြုံးပြီးနောက် မျက်နှာလွှဲ၍သွားလေတော့သည်။ ကျွန်ုပ်သည် မိခင်၏ပြုံးခြင်းကို နောက်ဆုံးအကြိမ် မြင်ရခြင်းဖြစ်သည်ဟု မသိရသော်လည်း တခြားအကြိမ်များ၌ ခွဲခွာရခြင်းမျိုးနှင့်မတူခြင်းကိုမူကား စိတ်ထဲ၌ သတိပြုမိပါသည်။

## အလုပ်ပြန်ဝင်ဖို့ သဘောတူခြင်း

ဒေါက်တာသိန်းမောင်၏ အမှုကို မန္တလေးရုံး၌ဆိုင်ပြီးသောအခါ (တိုက်အုပ်ဦးဘကလေးလည်း ကျွန်ုပ်နှင့်အတူ တရားခံတစ်ယောက်ဖြစ်သည်။) ဦးဘကလေးသည် ကျွန်ုပ်အား ဦးညွန့်နှင့်တွေ့ရန် ရန်ကုန်သို့ခေါ်သဖြင့် လိုက်သွားရ၏။ ဗြိတိသျှဘားမားသူဌေး ဦးညွန့်နှင့် ကျွန်ုပ်တွေ့သောအခါ "ကျွန်ုပ်၏လခကို ခြောက်လတစ်ကြိမ် သူရိယတိုက်က ၂၅ ကျပ်၊ ဦးညွန့်က ၂၅ ကျပ် တိုးပေးပါမည်။ ဦးစောပြန်ရောက်သောအခါတွင်လည်း တစ်မျိုးတစ်မည်အတည်တကျ စီစဉ်ကြပါဦးမည်" ဟုပြောသည်နှင့် ကျွန်ုပ်သဘောတူလက်ခံခဲ့ပြီး "ဝါဆိုလပြည့်လျှင်ပြည့်ချင်း အလုပ်ပြန်ဝင်ပါမည်" ဟု ကတိပြုခဲ့လေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# ဘားအံမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)စီမံချက်ရေးဆွဲနည်းနှင့် Website ရေးသွင်းနည်းသင်တန်းဖွင့်



ဘားအံ ဇွန် ၂

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများအား ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)စီမံချက်ရေးဆွဲနည်းနှင့် Website ရေးသွင်းနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂ ရက်တွင် ဘားအံမြို့ရှိ အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသော သင်ခန်းစာများကို စနစ်တကျလေ့လာသင်ယူကာ လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာပြန်လည်အသုံးချကြရန်မှာကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)စီမံချက်ရေးဆွဲနည်းနှင့် Website ရေးသွင်းနည်းသင်တန်းကို ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို ဇွန်လ ၂ ရက်မှ ၈ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဘိုဘို

# ပြည်သူလူထုက ယုံကြည်အားကိုးသည့် မြန်မာ့အာမခံလုပ်ငန်းဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးမှာကြား




ရန်ကုန် ဇွန် ၂

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိမြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဌာနတာဝန်ခံများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုအတွက် အထောက်အကူရရှိစေမည့် အာမခံအကာအကွယ်လုပ်ငန်းများဖြစ်စေရေး၊ မန္တလေးငလျင်ကြီးကြောင့် အစိုးရနှင့် ပုဂ္ဂလိကတို့က ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် အာမခံလျော်ကြေးများ စနစ်တကျနှင့် မြန်ဆန်စွာတွက်ချက်ထုတ်ပေးနိုင်ရေး၊ အရာထမ်း၊ အမှုထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပြည်သူလူထုက ယုံကြည်အားကိုးသည့် မြန်မာ့အာမခံလုပ်ငန်းဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ ရောက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် ချေးငွေအကြံပေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကြွေးကျန်များပြန်လည်ရရှိရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်အမှုအခင်းများ ကျဆင်းပပျောက်ရေးအတွက်ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းရေး၊ တောင်သူများအတွက် အထောက်အကူပြုသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။


ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည်များကိုမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# Huawei Technologies (Yangon) Co.,Ltd. က လူသုံးကုန်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများလှူဒါန်း

နေပြည်တော် ဇွန် ၂

Huawei Technologies (Yangon) Co.,Ltd. က မန္တလေးငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)သို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလှူပစ္စည်းများပေးအပ်ပွဲသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနအဖွဲ့ ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်တို့ တက်ရောက်ခဲ့ကြောင်းနှင့် ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဇွန် ၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 နှင့် AIQAR EQ7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးရေး ကြိုးစားလေ့လာသင်ယူ

ဇီးပင်ကြီး ဇွန် ၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် နီလာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းမှရရှိမည့် အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံဗဟုသုတများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် အထောက်အကူဖြစ်စေရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားလေ့လာသင်ယူကြရန်နှင့် နိုင်ငံတော်၏အဆင့်မြင့်တာဝန်များ၊ အရေးကြီးတာဝန်များကို ထမ်းဆောင်ရန် အလားအလာရှိသူများဖြစ်၍ ပညာဗဟုသုတပြည့်စုံပြီး စိတ်ဓာတ်မြင့်မားအမြော်အမြင်ရှိသည့် အရာထမ်းကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)သို့ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂ ရက်မှ အောက်တိုဘာလ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်ကြည်သန်းအောင်ကို ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်




| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚c/ | ၂၉˚c |
| ရန်ကုန် | ၂၅˚c/ | ၂၈˚c |
| မန္တလေး | ၂၆˚c/ | ၃၀˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများစတင်ဖွင့်လှစ်

နေပြည်တော် ဇွန် ၂

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများအားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



Naypyitaw State Academy ၏ အတန်းအသီးသီးသို့ ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေရေးအတွက် တက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များကိုပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ လူမှုရေးပညာ၊ အားကစားပညာနှင့် ဆေးပညာအထူးပြုဘာသာရပ်များ၏ ပထမနှစ်မှ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းအထိ ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းသိရသည်။

မြဝတီ


# ရောဝတီမြစ်ရေ ကသာမြို့တွင် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၈ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




# တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်လှစ်





ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်နှင့်တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား/သင်တန်းသူများ အပါအဝင် စုစုပေါင်း ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေ

တောင်တွင်းကြီး ဇွန် ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီတွင် မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

တင်ဆန်းဦး

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဆီသို့

ဘုန်းမောင်ဝင်း(ဖျာပုံ)

လွတ်လပ်၍တရားမျှတသော သိက္ခာရှိသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ဦးဆောင်လျက်ရှိသည်။ “လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ခုဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဆိုသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည်။

> ❖ **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲသည် ပင်မမဏ္ဍိုင်ဖြစ်၊ လွတ်လပ်၍တရားမျှတမှသာ ပြည်သူ့ဆန္ဒအမှန်ကို ဖော်ထုတ်နိုင်မည်ဖြစ်၊ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်စေရန်အတွက် မဲစာရင်းများ မှန်ကန်ပြီး တရားမျှတ၍ လွတ်လပ်မှုရှိသော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲကိုကျင်းပပေးရမည်ဖြစ်. . .**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲသည် ပင်မမဏ္ဍိုင်ဖြစ်သည်။ လွတ်လပ်၍တရားမျှတမှသာ ပြည်သူ့ဆန္ဒအမှန်ကိုဖော်ထုတ်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်စေရန်အတွက် မဲစာရင်းများ မှန်ကန်ပြီး တရားမျှတ၍ လွတ်လပ်မှုရှိသော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲကိုကျင်းပပေးရမည်ဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့်လူထုလူတန်းစားအသီးသီးကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များ လွှတ်တော်ထဲသို့ရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေသည့် အနိုင်ရသူအကုန်ယူစနစ် (First Past the Post – FPTP) အပြင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့်သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲတစ်ခု၏စံနှုန်းကို လွတ်လပ်ပြီးတရားမျှတမှု ရှိ/မရှိ Free and Fair ဖြစ်/မဖြစ်ဟူသည့်ပေတံဖြင့် တိုင်းတာလေ့ရှိသည်။ ထိုသို့တိုင်းတာသုံးသပ်ရာတွင် ရွေးကောက်ပွဲကျင်းပသောနေ့တစ်နေ့တည်း၏ဖြစ်စဉ်ကို လေ့လာသုံးသပ်ရုံမျှဖြင့် လုံလောက်မှုမရှိပေ။ ရွေးကောက်ပွဲစက်ဝန်းပါကာလများဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလတို့အထိ ဘက်လိုက်မှုကင်းစေရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာမှားယွင်းမှု၊ မဲမသမာမှု၊ ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများရှိနေသည့်အတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် သတင်းစာရှင်းလင်းပွဲများပြုလုပ်၍ ရှင်းလင်းခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ပါတီတစ်ခုချင်းက သီးခြားစီထုတ်ပြန်၍လည်းကောင်း၊ နိုင်ငံရေးပါတီ ၂၃ ပါတီတို့မှ ပူးတွဲ၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်များထုတ်ပြန်ပြီး တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

ထိုစဉ်က NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားဝင်ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးခြင်းမျိုးလုပ်ဆောင်ရမည့်အစား အရာရာတွင် လျစ်လျူရှုခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်သည် သမာသမတ်ကျစွာရပ်တည်ရမည့်အစား အာဏာရပါတီ၏ခိုင်းစေသမျှ လိုက်ပါလုပ်ဆောင်ပေးခဲ့သည်။ နိုင်ငံရေးပါတီများနှင့် တပ်မတော်အနေဖြင့် ကြေညာချက်များထုတ်ပြန်၍ ရွေးကောက်ပွဲနှင့်တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်းဖြေရှင်းပေးရန် ပထမအဆင့်ပြောကြားခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန်ငြင်းဆန်သည့်အခါ ဒုတိယအဆင့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ တို့နှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး၊ ရခိုင်အမျိုးသားပါတီမှလေးဦး၊ အမျိုးသားဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၀ ဦး စုစုပေါင်းပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူ၍ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပေးရန်တင်ပြခဲ့ကြသည်။

အဆိုပါတောင်းဆိုချက်မှာ ဥပဒေနှင့်ညီညွတ်သောတောင်းဆိုမှုဖြစ်သော်လည်း ငြင်းပယ်ခဲ့ပြန်သည်။ ထို့ကြောင့် ကြုံတွေ့ခဲ့ရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာပေးရန် တတိယအဆင့်အနေဖြင့် ထပ်မံတောင်းဆိုခဲ့ကြသည်။ အဆိုပါအဆင့်အားလုံးကိုငြင်းပယ်ခံရသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်အားလုံးကိုကိုယ်စားပြုသော “အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ” အစည်းအဝေးခေါ်ယူ၍တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင်တင်ပြခဲ့သည်။ ထိုစဉ်က နိုင်ငံရေးပါတီများနှင့်တပ်မတော်အနေဖြင့် ဤသို့လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က တစ်စုံတစ်ရာဖြေရှင်းဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ကြပေ။

> ❖ **မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံ၏ အနာဂတ်ကောင်းကျိုးကိုသယ်ပိုးမည့် လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့စိတ်တိုင်းကျ ရွေးချယ်ကြရမည်ဖြစ်၊ ထိုသို့မဲပေးရွေးချယ်ရာတွင် ဒေသနှင့်နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကြရန်ဖြစ်၊ အရည်အချင်းရှိသော ကိုယ်စားလှယ်လောင်းများ များစွာပေါ်ထွန်းလာမှသာ နိုင်ငံတော်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်နေမည်ဖြစ် . . .**

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိသည်မှ ယနေ့တိုင်ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်များကိုဖော်ပြရမည်ဆိုပါက ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်(တစ်ပါတီစနစ်)တို့ကိုကျင့်သုံးခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြည်သူလူထု၏ဆန္ဒအရ ပါတီစုံဒီမိုကရေစီစနစ်နှင့်ဈေးကွက်စီးပွားရေးစနစ်တို့ကို မိမိနိုင်ငံနှင့်လိုက်လျောညီထွေစွာ ထူထောင်နိုင်ရန် ကြိုးပမ်းတည်ဆောက်ပေးခဲ့သည်။ အနာဂတ်နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်မရှိမဖြစ်လိုအပ်သည့်အတွက် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ အမျိုးသားညီလာခံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာ စသည့်ရှုထောင့်မျိုးစုံမှ အတွေ့အကြုံကြွယ်ဝသည့်ပုဂ္ဂိုလ်များပါဝင်သကဲ့သို့ နိုင်ငံတော်အတွင်း တည်ရှိသည့် မြို့နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များလည်းပါဝင်ခဲ့ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသည့်အခါ ပါတီများဖွဲ့စည်းခွင့်ပြုပြီး ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပထမဆုံးအကြိမ်စတင်ကျင်းပပေးခဲ့သည်။ ပထမဆုံးဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်လာပြီး ငါးနှစ်တာကာလ အောင်မြင်စွာအုပ်ချုပ်ခဲ့သည်။ ထို့အတူ သက်ဆိုင်ရာလွှတ်တော်များကလည်း မိမိတို့လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည်။ ဤသို့ဖြင့် အစိုးရနှစ်ဆက်ပြီးနောက် တတိယအကြိမ်အစိုးရသက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင်ကျင်းပခဲ့သည်။ ဤရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ စသည်တို့တွင် တရားမဲ့ပြုကျင့်မှုနှင့် မဲမသမာမှုများစွာရှိခဲ့သည်။ ထိုပြဿနာကိုပြေလည်အောင်ဖြေရှင်းခြင်း မပြုခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခေတ္တရပ်နားခဲ့ရသည်။

ထိုသို့သောဖြစ်စဉ်များကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံအပေါ် စေတနာမမှန်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် လူအချို့သည် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများမှတစ်ဆင့် နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့သည်။

နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုနှင့်ငလျင်ဘေးဒဏ်စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်တွင် မည်သို့သော အခက်အခဲများနှင့်ကြုံရသည်ဖြစ်စေ နိုင်ငံနှင့်ပြည်သူများအတွက် အကောင်းဆုံးအနေအထားတွင်ရှိနေအောင် ဆောင်ရွက်ပြီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ပန်းခင်းစီမံချက် ၁၊ ၂၊ ၃ ကိုချမှတ်ပြီး စုစုပေါင်း ၅၉၈၀၆၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန်ကျန်ရှိနေသူများကိုလည်း ရွေးကောက်ပွဲကာလမတိုင်မီ အပြီးရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပြီး ရှေ့ပြေးလူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ညတွင် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေမှာ ၅၁၃၁၆၇၅၆ ဦး (၅၁ ဒသမ ၃ သန်းကျော်) ဖြစ်ပြီး ယခုရရှိလာသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ခိုင်လုံသည့်မဲစာရင်းများအဖြစ် စနစ်တကျပြုစုလျက်ရှိသည်။

**စာမျက်နှာ ၈ သို့** ■

■ စာမျက်နှာ ၇ မှအဆက်

အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာထုတ်ဖော်ပြသခြင်း ပင်ဖြစ်သည့်အတွက် ဥပဒေအရနှင့် လူထုသဘောထားအမြင်အရ ပြည့်စုံကောင်းမွန်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်အဖြစ်ကျင်းပနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးရန်နှင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၃ ရက်က တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမြန်ဆုံးပြုလုပ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကိုဆောင်ရွက်လျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သန့်ရှင်းသောရွေးကောက်ပွဲဖြစ်စေရေး ဆန္ဒမဲပေးရာ၌ Electronic Voting Machine ဖြင့်မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Electronic Voting Machine ဖြင့်မဲပေးခြင်းဖြင့် မဲစာရင်းမှားယွင်းမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးချိန်၌ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များခေါ်ယူရာတွင် လွှတ်တော်အထမြောက်စေရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပါတီစုံဒီမိုကရေစီစနစ်သို့လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အသက်ဟုပင်ဆိုနိုင်သည်။ ကျင်းပမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ အနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုမည်ဖြစ်သည်။ ထိုသို့အသုံးပြုရာတွင် အခက်အခဲမရှိစေရေးအတွက် မဲပေးနည်းစနစ်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သရုပ်ပြရှင်းလင်းလျက်ရှိသည်။ ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာနည်းပြသင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။ မဲပေးစက်များကိုကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်းအသုံးပြုခြင်းအားဖြင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများနှင့် မဲရုံတာဝန်ရှိသူများအနေဖြင့်လည်း ကိုယ်စီတာဝန်ကျေပွန်စွာ ရွေးကောက်ပွဲကို ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်များဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲပေးရမည်ဖြစ်၍ အချိန်ကုန်သက်သာခြင်းနှင့် မဲရလဒ်များကို လျင်မြန်စွာသိရှိနိုင်ခြင်း အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၇၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၆ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ နှစ်ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၄ ပါတီရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သတ်မှတ်ထားသည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်အောင်ကျင်းပပြုလုပ်ပေးမည်ဖြစ်သည်။ ထိုသို့ကျင်းပပြုလုပ်မည့်အကြောင်းကိုလည်း နိုင်ငံတကာကသိရှိအောင်ပြောကြားထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံ၏အနာဂတ်ကောင်းကျိုးကို သယ်ပိုးမည့် လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့စိတ်တိုင်းကျရွေးချယ်ကြရမည်ဖြစ်သည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် ဒေသနှင့်နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကြရန်ဖြစ်သည်။ အရည်အချင်းရှိသောကိုယ်စားလှယ်လောင်းများ များစွာပေါ်ထွန်းလာမှသာ နိုင်ငံတော်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်နေမည်ဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးရာတွင် အများဆန္ဒဖြင့်ဆောင်ရွက်ကြသော်လည်း အခြေခံအကျဆုံးလိုအပ်ချက်မှာ တရားဥပဒေကိုစောင့်ထိန်းလိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်။ စည်းကမ်းဥပဒေများလိုက်နာခြင်း၊ အမှန်တရားကို မြတ်နိုးပြီး ဖြောင့်မတ်တည်ကြည်ခြင်း စသောအခြေခံများကိုလိုက်နာကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပေရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများပူးပေါင်း၍ ၂၀၂၅ ခုနှစ် နှစ်ကုန်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအောင်မြင်စွာပြီးမြောက်ရေး အတူယှဉ်တွဲပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

# ပြည်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် သာသနိကအဆောက်အအုံများအားကြည့်ရှုစစ်ဆေး



ပြည် ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဇွန်လ ၁ ရက် မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့်သာသနိကအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့နယ် သုံးပန်လှကျေးရွာ၌ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် အနီရောင်အဆင့်သတ်မှတ်ထားသည့် ရှေးဟောင်းသုံးပန်လှ နှစ်ထပ်ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြင်ဆင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရှေးမူလက်ရာမပျက် အလေးထားဆောင်ရွက်ရန်နှင့် တံခါးပေါက်များ၊ လှေကားများအား ခိုင်ခံ့မှုရှိစေရေး သံဒေါက်တိုင်များတပ်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မော်ဇာကျေးရွာ သရေခေတ္တရာပျူမြို့ဟောင်းရှိ ဘောဘောကြီးစေတီနှင့် လေးမျက်နှာစေတီတို့ ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းသုတေသနအဖွဲ့၏ညွှန်ကြားချက်များအတိုင်း စနစ်တကျပြင်ဆင်သွားရန်၊ စေတီအပေါ်မှ မိုးရေများစိမ့်ဝင်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်၊ စေတီတော်အတွင်းပိုင်းအထိ အက်ကွဲမှုရှိ/မရှိ သေချာစွာစစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ ရွှေတံခါးအပိုင်း(၃)ရပ်ကွက်ရှိ ဦးဇော်မင်းသူ၏ ကြက်ချေး၊ ယူရီးယားနှင့် ပိုတက်ရောစပ်၍ သဘာဝမြေဩဇာတောင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးပြီး သဘာဝမြေဩဇာကို ပြည်ပသွင်းကုန်ဓာတ်မြေဩဇာအစားထိုးသုံးစွဲနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သွားရန်၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်သည့်လုပ်ငန်းဖြစ်၍ အားပေးကြောင်း၊ လိုအပ်သည့် နည်းပညာနှင့် ချေးငွေရရှိရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ရွှေဝါထွန်းလယ်ယာထုတ်အလုပ်ရုံ၌ မျိုးစေ့ချကိရိယာ ရှစ်တန်းသွား Drum Seeder ထုတ်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး ပဲခူးတိုင်းဒေသကြီးသည် သီးနှံမျိုးစုံစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်၍ သီးနှံမျိုးစုံအစေ့ချစိုက်ပျိုးနိုင်ရေးထပ်မံဆန်းသစ်တီထွင်ဆောင်ရွက်ရန်၊ မိုးစပါးစိုက်ရာသီအမီ သတ်မှတ်အရည်အသွေးအတိုင်း ပြည့်မီအောင် ထုတ်လုပ်သွားရန်၊ ခိုင်ခံ့မှုနှင့် ပေါ့ပါးမှုရှိစေရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ အောင်မြေရွာရှိ မွေးမြူရေးလုပ်ငန်းရှင်ဦးလင်းသက်အောင်၏ အအေးခန်းဖြင့် အသားတိုးကြက်ကောင်ရေ ၁၅၀၀၀ မွေးမြူထားရှိမှုအား ကြည့်ရှုအားပေးပြီး ဒေသတွင်းဥစားသုံးမှုဖူလုံစေရေး ဥစားကြက်တိုးချဲ့မွေးမြူရန်နှင့် တိရစ္ဆာန်အစာအားဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကိုယ်တိုင်ထုတ်လုပ်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# ပေါင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်

ပေါင် ဇွန် ၂

မွန်ပြည်နယ် ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် ကော့ကရင်ကျေးရွာဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိန္ဒြာဝင်းက ယခုရာသီသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားချိန်ဖြစ်သည့်အတွက် အိမ်တွင်း ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းကို ဆောင်ရွက်ကြရန်ပြောကြားပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မြသန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြစ်သည့် ကဏ္ဍကြီး(၅)ရပ်ဖြင့် လှုပ်ရှားဆောင်ရွက်သွားရန်နှင့် မြန်မာအမျိုးသမီးများအနေဖြင့် အိမ်တွင်းသန့်ရှင်းရန်လိုအပ်ကြောင်း၊ ဘုရားပန်းရေနေ့စဉ်လဲခြင်းဖြင့် ခြင်ပေါက်ပွားမှုကာကွယ်ကြောင်း၊ သောက်သုံးရေကိုကျိုချက်၍သောက်ကြရန်၊ အမှည့်လွန်သည့်အသီးများ မစားသင့်ကြောင်း၊ အာဟာရရှိသည့် အစားအစာများကိုစားသောက်ကြရန် မိမိနေထိုင်သည့်ပတ်ဝန်းကျင်သန့်ရှင်းရန်အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော့ကရင်ကျန်းမာရေးမှူး ဦးအောင်ဖြိုးခန့်က ရာသီတုပ်ကွေးရောဂါဖြစ်ပွားရသည့်အကြောင်းအရာများ၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားလာပါက ကာကွယ်ရမည့်အချက်များကို အသေးစိတ်ဆွေးနွေးပြီး တာဝန်ရှိသူများက ကျန်းမာရေးနှင့်ပတ်သက်သည့်လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

(ဝဖ)






# ငလျင်ဒဏ်သင့်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၅၀ နှင့် သီလရှင်ကျောင်း ၅၀ တို့သို့ ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက အလှူငွေများလှူဒါန်း

**မန္တလေး ဇွန် ၂**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခံကြရသော ဘုန်းတော်ကြီးကျောင်း ၅၀ အတွက် ဗီယက်နမ်နိုင်ငံသား ဘုန်းတော်ကြီးနှင့် အလှူရှင်များက တစ်ကျောင်းလျှင် အလှူငွေကျပ် ၁၀ သိန်းစီ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ရှိ ခင်မကန်တိုက် မဟာဝိဇယာရာမဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေရတုတိပိဋကဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုဇန၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသီရိဘိဝံသ အမှူးပြုသော ကျောင်းတိုက် ၅၀ မှ ကျောင်းထိုင်ဆရာတော်များ၊ အမေရိကန်နိုင်ငံ Oklahoma ပြည်နယ်ရှိ Chanh Phap ဓမ္မတရားစင်တာ အကျိုးတော်ဆောင်နှင့် သာသနာပြုဆရာတော် Thuong Toa၊ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၉၀) ရမ္မာဝတီလမ်း မဟာပုညဝိဟာရကျောင်းမှ ဗီယက်နမ်နိုင်ငံသားဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဦးဝိမလနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမေရိကန်နိုင်ငံ Oklahoma ပြည်နယ်ရှိ Chanh Phap ဓမ္မတရားစင်တာ အကျိုးတော်ဆောင်နှင့်သာသနာပြုဆရာတော် Thuong Toa နှင့်အဖွဲ့ဝင်များက ကျောင်းထိုင်ဆရာတော်အပါး ၅၀ တို့အား အလှူငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်း သိန်း ၅၀၀ ကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အလှူရှင်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်ကျောင်းတွင် သီလရှင်ကျောင်း ၅၀ အား တစ်ကျောင်းလျှင် ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်း သိန်း ၅၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတား ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတားနှင့် လမ်းပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၅/၁)နှင့်(၁၆၅/၃)အကြားရှိ ဆွာချောင်းတံတား ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆွာချောင်းတံတားသည် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသွား၊ အပြန်တံတားနှစ်စင်းလုံးထိခိုက်ပျက်စီးခဲ့သဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်း အပြန်လမ်းဘက်အပိုင်းတွင် အသစ်ပြန်လည်တည်ဆောက်လျက်ရှိပြီး အသွားလမ်းဘက်အပိုင်းတွင် ယာယီသွားလာ၍ရရှိနိုင်ရေး P7 ကိုဗဟိုထား၍ (၂)လွှာ(၁)ထပ် ယာယီဘေလီတံတားပေ ၁၉၀ တပ်ဆင်ထားပြီး မေလ ၃၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ယာဉ်များသွားလာမှုကြောင့် ဘေလီတံတားကြမ်းခင်းကျိုးသွားသဖြင့် တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ချက်ချင်းပြင်ဆင်ဆောင်ရွက်ခဲ့ရာ နံနက် ၁၂ နာရီခွဲခန့်တွင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်များပုံမှန်အတိုင်းသွားလာ၍ ရခဲ့ပြီးဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီပြင်ဆင်နိုင်ရေးအတွက် ဘေလီတံတားနှင့် ဆက်စပ်ပစ္စည်းများကို အသင့်စုဆောင်းထားရှိ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး ယာဉ်များသွားလာမှု မပြတ်တောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆၇/၇)မှ (၁၆၈/၀)ကြားတွင် လမ်းသားနိမ့်ကျမှုအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်တွင်းစက်မှုလုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများတွင် ကုန်အမှတ်တံဆိပ်၊ အရည်အသွေးများဖော်ပြမှုသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန်လ ၁ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုပြီး ပြည်တွင်းစက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများတွင် ကုန်အမှတ်တံဆိပ်၊ အရည်အသွေးများ ဖော်ပြမှုသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)သို့ရောက်ရှိပြီး သင်တန်းကျောင်း ရှင်းလင်းဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကိုမှာကြား၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မကွေးစက်မှုဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

➤ **ကျောဖုံးမှအဆက်**

ရောဝတီမြစ်ရေသည် ၁၂၁၈ စင်တီမီတာခန့် မြင့်တက်လာခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်အရ ၁၁၉၅ စင်တီမီတာခန့် လျော့ကျကာ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာအောက် ၅ စင်တီမီတာခန့် လျော့ကျခဲ့သည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုဖြစ်ပွားရာ နေရာများရှိဒေသခံပြည်သူများအား ယနေ့တွင် နယ်မြေခံတပ်မတော်သားများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ သွားလာရန် ခက်ခဲသည့်နေရာများတွင် စက်လှေများ၊ ယာဉ်များဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် သားငါး၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန်လ ၂ ရက်တွင် ၆၃ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။



ဇွန်လ ၂ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality) ၃၄ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၆ အိတ်၊ ဆီ ၇၂၅ ပိဿာ၊ ဆား ၈ ပိဿာ ၂၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၂၈ ထုပ်၊ ငါးပိ ၁ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၃ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ အာပဲ့ခြောက် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၁ ထုပ်၊ ကြက်ဥ အလုံး ၂၀၀ ၊ ဘဲဥ အလုံး ၅၀ ၊ ခေါက်ဆွဲခြောက် ၉ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဇွန်လ ၂ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား ၂ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ ၄ ထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂ ထုပ်၊ အာပဲ့ခြောက် ၁၀ ကျပ်သား ၅ ထုပ်၊ ကြက်ဥအလုံး ၂၆၀၀၊ ဘဲဥအလုံး ၆၈၀ နှင့် ခေါက်ဆွဲခြောက် ၅၅ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ကိုလက်စထရောနှင့် ရေနွေးကြမ်း

> ''ရေနွေးကြမ်းအဖန်ရည်ဖြင့်လည်း အဆီကျနိုင်သည်။ သို့သော် အဖန်မှာ ချပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ဖြစ်လာတတ်သည်။ လိပ်ခေါင်းရှိသူများဆိုလျှင် အဖန်ရည်နှင့် မတည့်ပါ။
>
> ရေနွေးကြမ်းအဖန်ရည်ကိုသောက်ခြင်းဖြင့် ကိုလက်စထရော ခေါ် မကောင်းသောအဆီ (LDL) ကိုကျစေနိုင်ကြောင်း သုတေသနပြုချက်များတွင် လေ့လာဖူးသည်။ သို့သော် တစ်နေ့လျှင် ကော်ဖီကိုင်းပန်းကန်ဖြင့် နှစ်ခွက်ခန့်သာ သောက်ရမည်ဖြစ်သည် . . .''

ရေနွေးကြမ်း သို့မဟုတ် လက်ဖက်စိမ်းရည်(Green Tea) သောက်လျှင် ပိန်စေသည်။ အဆီကျစေသည်ဟူသော အယူအဆများနှင့်ပတ်သက်၍ တင်ပြလိုပါသည်။

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အသက် ၅၀ ကျော်သောအခါ အတန်အသင့်ဝလာသဖြင့် ဆရာဝန်ပြပြီး ဆေးစစ်သောအခါ ကိုလက်စထရောတက်နေသည်ဟု သိရသည့်အတွက် အဆီကို လျှော့စားသည်၊ သို့သော် အဆီကား ကျမလာပါ။

ကျန်းမာရေးဂျာနယ်များ၌ ရေနွေးကြမ်းသောက်ခြင်းဖြင့် အဆီကျစေနိုင်သည်ဟုဆိုသဖြင့် ရေနွေးကြမ်းသောက်သည်။ လက်ဖက်ခြောက်အဖန်ဓာတ်က ကိုလက်စထရောကို ဖျက်နိုင်သည်ဟု ဆိုသဖြင့် လက်ဖက်ခြောက်များများထည့်ပြီး ဖန်သောရေနွေးကို ကျင့်သောက်သည်။ ရေနွေးအဖန်သောက်ပြီး ခြောက်လကြာသောအခါ သွေးဖောက်ပြီး ကိုလက်စထရောစစ်ကြည့်ရာတွင်လည်း ကျသွားခြင်းမရှိ။ ရေနွေးကြမ်းအဖန်ရည်သောက်ခြင်းကြောင့် နောက်ဆက်တွဲဝေဒနာမှာ ဝမ်းချုပ်ခြင်းပင်ဖြစ်လာတော့သည်။

သူ၏ကျန်းမာရေးမှာ ယခင်က စားကောင်းသောက်ကောင်း၊ ဝမ်းမှန်၊ ဝလို့လှလို့ဖြစ်နေရာမှ ရုတ်တရက် ဗိုက်ထွက်လာပြီး ဝတ်နေကျအဝတ်များပင် မတော်တော့ဘဲ ဖြစ်လာသည်။ ဤသည်မှာ ဝိတ်ချရန်စဉ်းစားမိလာခြင်းဖြစ်သည်။ ယင်းအတွက် ဆရာဝန်နှင့်တိုင်ပင်ပြီး ဆေးစစ်ရာတွင် အသည်းအဆီဖုံးခြင်း၊ ကိုလက်စထရောများခြင်းတို့ကို တွေ့ရသည်။

ဆရာဝန်ပေးသည့်ဆေးကို ညအိပ်ရာဝင်ချိန်တွင် တစ်လုံးသာ သောက်ရသည်။ သို့သော် ထိုဆေးသောက်ပြီး ၁၀ ရက်ခန့်ကြာသောအခါ အစားအသောက်ပျက်လာသည်။ ကတုန်ကယင်နှင့် ပစ္စည်းများကိုင်လျှင် လွတ်ကျလာသည်။ ဆရာဝန်အား ပြန်ပြောပြသောအခါ ထိုဆေး၏ ဘေးထွက်ဆိုးကျိုးကြောင့်လည်း ဖြစ်နိုင်သည်ဟုဆိုသဖြင့် ဆက်မသောက်တော့ဘဲ ရပ်လိုက်ရလေသည်။ ထိုဆေးသည် သွေးအတွင်းမှ အဆီများကို ကျစေသည်မှန်သော်လည်း လူတချို့တွင် အစားပျက်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ နှာစေးနှာပိတ်ခြင်း၊ ထို့ထက်ဆိုးသည်မှာ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်းများပါ ဖြစ်နိုင်သည်ဟု ဆိုသည်။

ထို့နောက် တိုင်းရင်းမြန်မာဆေးဘက် လှည့်လာသည်။ ပထမဆုံး အဆီကျပိန်ဆေးတစ်မျိုးကို စိတ်ဝင်စားမိသည်။ မြန်မာဆေးဆိုသည်မှာ ဘေးထွက်ဆိုးကျိုးမရှိဟု ထင်မိသည်။ သို့သော် အထင်နှင့်အမြင်လွဲလေသည်။ ထိုဆေးဝယ်စားမိသည့်ညက မအိပ်ရ။ တစ်ညလုံးဗိုက်နာပြီး ဝမ်းခဏခဏသွားသည့်အတွက် တစ်နေ့ ဝမ်းသုံးကြိမ်၊ လေးကြိမ်သွားသည့်နည်းဖြင့် အဆီကျ ဝိတ်ချရမည်ဆိုလျှင် နည်းလမ်းမမှန်သေးဟု စိတ်ထဲတွင် ထင်မိသည်။

နောက်တော့ အဆီကျပိန်စေသော ဓာတ်စာများကို လေ့လာပြီး စားရန် သူဆုံးဖြတ်လိုက်တော့သည်။ အဆီကျစေသော အစားအသောက်များ၊ ရှောင်ရမည့်အစားအသောက်များကို လေ့လာသည်။ ကျန်းမာရေးဆိုင်ရာစာအုပ်များကိုလည်း ဝယ်ဖတ်သည်။ ယင်းနောက် မြန်မာ့အစားအစာဖြင့် အဆီကျစေသောနည်းလမ်းများကို လေ့လာပါတော့သည်။

အဆီကျစေရန် ကူညီပေးနိုင်သည့် မြန်မာ့အစားအစာများကို ဖော်ပြလိုက်ပါသည်။ ဥပမာ-

- ငါးကြင်းဖြူ၊ ငါးခူ၊ ငါးမျက်ဆန်နီ၊
- ဆန်ကြမ်း(ငစိန်ဆန်၊ ရွှေဝါထွန်း)၊
- ရှောက်သီး၊ ကျွဲကောသီး၊
- ဖီးကြမ်းငှက်ပျောသီး၊
- ပဲရာဇာ (ပဲနီလေး)၊
- ဂေါ်ဖီထုပ်၊
- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊
- ကန်စွန်းရွက်၊ မှိုနားတို၊ လယ်ပတူ၊ ကညွတ်၊ ပုစွန်စာ၊ မြင်းခွာရွက် စသည့်အရွက်များ၊
- ထမင်းရည်၊
- ရေနွေးကြမ်း

စသည့် ဓာတ်စာများစားပေးလျှင် အဆင်ပြေမည်ဟု ထင်မြင်ယူဆသည်။

ငါးကြင်းဖြူ၊ ငါးမျက်ဆန်နီ၊ ငါးခူ စသည်တို့မှာ အဆီမတက်စေသည့်အပြင် ကောင်းသောအဆီကို တိုးစေသည့်ငါးများဖြစ်သည်။ ငါးမြင်း၊ ငါးပတ်၊ ငါးသလောက်၊ ငါးဖယ်တို့မှာ ရှောင်ကြဉ်သင့်သောငါးမျိုးဖြစ်သည်။

ဆန်ကြမ်းမှာ အားဖြစ်သည်။ အစာကြေလွယ်သည်။ အဆီကျလိုသူများမှာ ညှော့မထ၊ ပေါ်ဆန်းမွှေး၊ တောင်ပျံ စသည့်ဆန်များကို ရှောင်သင့်သည်။ ကြေခဲသည့် ရှမ်းဆန်နှင့် ကောက်ညှင်းကိုလည်း ရှောင်သင့်သည်။

ရှောက်သီး၊ ကျွဲကောသီးတို့မှာ အဆီပိုကျစေသော အစားအစာများဖြစ်သည်။

ဖီးကြမ်းငှက်ပျောသီးမှာ အကောင်းဆုံးဓာတ်စာဖြစ်သည်။ အလွယ်တကူဝယ်ယူနိုင်သည်။

ပဲရာဇာ (ပဲနီလေး)မှာ အဆီကျပြီး ပေါ့ပါးသော ပဲမျိုးဖြစ်သည်။ ပဲရာဇာသည် လဟုဂုဏ် ပေါ့ပါးသောဂုဏ်ရှိသည်။ ကုလားပဲသည် ဂရုဂုဏ် လေးလံသောဂုဏ်ရှိသည်။ အဆီကျလိုသူ၊ ပိန်လိုသူများ မစားသင့်ဟု ဓာတ်ဆရာကြီးများ အဆိုရှိသည်။

ဂေါ်ဖီထုပ်မှာ အဆီချလိုသူများအတွက် အသုံးဝင်သည့်ဓာတ်စာဖြစ်သည့်အပြင် အသားအရေလှစေသည်။ အနောက်တိုင်းဆေးပညာအရလည်း ဂေါ်ဖီထုပ်သည် အင်တီအောက်စီးဒင့် ခေါ် ဓာတ်တိုးဆန့်ကျင်သော အစာအာဟာရဖြစ်ပြီး လေဖြတ်ခြင်းကိုပင် ကာကွယ်နိုင်သည်ဟု ဆိုသည်။

ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို ကိုလက်စထရောကျစေလိုသောရည်ရွယ်ချက်ဖြင့် စားသုံးမည်ဆိုလျှင် ခပ်ပါးပါးလှီးပြီး လေသလပ်ခံထားကာ အချဉ်အနည်းငယ်ညှစ်ပြီး စားသုံးပေးပါက အဆီကျနိုင်သည်ဟု သုတေသနပြုသူများက ဆိုထားသည်။

ဟင်းသီးဟင်းရွက်မျိုးစုံကို နေ့စဉ် မှန်မှန်စားသုံးပေးပါ။ အသားစားချင်လျှင် အသီးအရွက်တို့နှင့်ရော၍ ကြော်ချက်စားပါ။ နေ့စဉ် အသီးအရွက်စားခြင်းဖြင့် သဘာဝဗီတာမင်ဓာတ်များရနိုင်သည်။ အဆီကျပြီး အသားကျစ်စေသည်ဟုဆိုသည်။

ထမင်းရည်သည် အာဟာရဖြစ်သည်။ ဦးစွာပွက်လာသော ထမင်းရည်ကို ငှဲ့ယူပြီး ဆေးဖက်ဝင်အဖြစ် သောက်သုံးလေ့ရှိကြသည်။

ယခုခေတ်တွင် ထမင်းပေါင်းအိုးများဖြင့် အလွယ်တကူချက်ပြုတ်ကြသဖြင့် ထမင်းရည်မရနိုင်တော့ပေ။ အကယ်၍ ထမင်းပေါင်းအိုးမှ ဦးရည်ကို ရယူလိုလျှင် ရေအနည်းငယ် ပိုထည့်ချက်ပါ။ ပေါင်းအိုးတွင် ပွက်ပွက်ဆူသောအခါ လက်ဖက်ရည်ပန်းကန် နှစ်လုံးစာမျှ ထမင်းပေါင်းရည်ကို ဇွန်းဖြင့် ခပ်ယူပါ။ ဤနည်းဖြင့် ထမင်းပေါင်းဦးရည်ကို ဆားအနည်းငယ်ခတ်ပြီး နေ့စဉ် သောက်သုံးပေးလျှင် အဆီကျစေနိုင်ပါသည်။

ပိန်လိုသူများသည် နံနက်စောစောထ၍ ရေနှင့်ပျားရည်ရောသောက်လျှင်လည်း ပိန်နိုင်သည်ဟု သိရသည်။

ဤနည်းသည် အိမ်တိုင်းတွင် အလွယ်တကူပြုလုပ်နိုင်သော ပိန်ဆေးနည်းဖြစ်သည်။ နေ့စဉ်မှန်မှန် တစ်လခန့်ပြုလုပ်ကြည့်လျှင် သိနိုင်ပါသည်။

ရေနွေးကြမ်း၊ တစ်နည်းအားဖြင့် လက်ဖက်ခြောက်ခတ်ထားသော အဖန်ရည်ကို အနောက်တိုင်းသုတေသီများက Green Tea ဟု ရေးသားကြသည်။ လက်ဖက်ရွက်သစ်နုလေးများကို မီးပြင်းပြင်းအပူပေးပြီး ရိုးရာနည်းဖြင့် အခြောက်ခံထားသောလက်ဖက်ကို ရေနွေးဆူဆူတွင် ခတ်လိုက်သောအခါ အရွက်စိမ်းများမှ စိမ်းဖန့်ဖန့်အရည်များ ထွက်လာသည်။ မြန်မာလက်ဖက်ခြောက်အတော်များများမှာ နီရဲရဲအရောင်များထွက်သဖြင့် Green Tea နှင့် မတူပါ။ တချို့မှာ ဆိုးဆေးကြောင့် အလွန်နီရဲနေတတ်သည်။ မသောက်သင့်ပါ။

Green Tea ကြောင့် ကိုလက်စထရောကျသည်ဆိုသည်မှာ အနောက်တိုင်းမှ သုတေသနဖြစ်ပါသည်။ Green Tea သောက်လျှင် ပိန်သည်။ တရုတ်၊ ဂျပန် စသည့်နိုင်ငံများ၌ ဥရောပလောက် အစာအိမ်ကင်ဆာနှင့် အူမကြီးကင်ဆာ အဖြစ်မများရခြင်းမှာ ရေနွေးကြမ်း (Green Tea) ကြောင့်ဖြစ်သည်ဟု သုတေသနဆေးပညာရှင်များက ခန့်မှန်းကြသည်။

မြန်မာလူမျိုးတို့သည် ရေနွေးကြမ်းတွင် ရှမ်းပြည်မှလာသော လက်ဖက်ခြောက်ကို ခတ်သောက်ကြသည်။ Green Tea ဟုတော့ မခေါ်ကြပါ။ အဖန်ရည်၊ ရေနွေးကြမ်းဟုသာ ခေါ်ကြပါသည်။

ရေနွေးကြမ်းအဖန်ရည်ဖြင့်လည်း အဆီကျနိုင်သည်။ သို့သော် အဖန်မှာ ချပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ဖြစ်လာတတ်သည်။ လိပ်ခေါင်းရှိသူများဆိုလျှင် အဖန်ရည်နှင့် မတည့်ပါ။

ရေနွေးကြမ်းအဖန်ရည်ကို သောက်ခြင်းဖြင့် ကိုလက်စထရော ခေါ် မကောင်းသောအဆီ(LDL) ကို ကျစေနိုင်ကြောင်း သုတေသနပြုချက်များတွင် လေ့လာဖူးသည်။ သို့သော် တစ်နေ့လျှင် ကော်ဖီကိုင်းပန်းကန်ဖြင့် နှစ်ခွက်ခန့်သာ သောက်ရမည်ဖြစ်သည်။

အချပ်ဆိုရသော် ရေကို ကျွက်ကျွက်ဆူအောင် အပူပေးပြီး အအေးခံထားသော ရေကျက်အေးကို သောက်လျှင်ပင် လူကို ပိန်စေသောသတ္တိရှိပါသည်။ ဆူပွက်အောင်ကျိုထားပြီး အအေးခံထားသောရေသည် လူကို ပိန်စေသောသတ္တိရှိသည်။ လက်ဖက်ခြောက်ခတ်သော ရေနွေးကြမ်းအဖန်ရည်သည် လူကို ကောင်းသောအကျိုးပြုပါသည်။ အဝလွန်ခြင်းကိုလည်း တားဆီးနိုင်သည်။ သို့သော် တစ်နေ့လျှင် ကော်ဖီခွက်နှစ်ခွက်၊ သုံးခွက်ထက် ပိုသောက်ပါက ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ စမြင်းခံခြင်း စသော ဆိုးကျိုးအနည်းငယ်မျှရှိနိုင်သည်ကို သတိပြုသင့်ပေသည်။ ဆေးဖက်ဝင်သောအရာတိုင်းတွင် တန်ဆေးလွန်ဘေး သတိထားသင့်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

---

# ကျုံပျော်မြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ

ကျုံပျော် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်ညို၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မေလနောက်ဆုံးပတ်မှစတင်၍ လက်ရှိအချိန်ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများကို ပုသိမ်အပါအဝင် တခြားဒေသများက ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက်ကုန် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မေလနောက်ဆုံးပတ်လောက်ကစပြီး သိသိသာသာအဝယ်လိုက်လာတာပါ။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်''ဟု ဒေါ်တင်ညိုကပြောသည်။

ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ဝန်ကြီးဌာနနှင့်အလှူရှင်များက စွမ်းအားရှိသရွေ့ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂

ငလျင်ကြောင့် အိမ်ရာပြိုကျခဲ့သည့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအတွက် အဝတ်အထည်နှင့် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အင်အားအလွန်ပြင်းသည့် မန္တလေးငလျင်ကြီးကြောင့် မိမိတို့ဝန်ထမ်းများ၏အိမ်ရာများ ထိခိုက်ပျက်စီးပြိုကျမှုများအရ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် ထိုက်သင့်သည့်ထောက်ပံ့ကူညီမှုဖြစ်စေရန် မိမိတို့ဝန်ကြီးဌာနနှင့် အလှူရှင်များက စွမ်းအားရှိသရွေ့ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့တစ်ဦးချင်း၏နေထိုင်စားသောက်မှု အားနည်းချက်ကြောင့် နောက်ဆက်တွဲကျန်းမာရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဂရုပြုနေထိုင်သွားကြရန်နှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး ပညာရေးဆိုင်ရာ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြ၍ အကူအညီရယူနိုင်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် အိမ်ရာပြိုကျခဲ့သည့်ဝန်ထမ်း ၆၀ အတွက် ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးနှင့်အဝတ်အထည် အပါအဝင် တစ်ဦးလျှင် ထောက်ပံ့ပစ္စည်း ခုနစ်မျိုးကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

မြဝတီ



# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေ

နေပြည်တော် ဇွန် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ဦးနေမျိုးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နေပြည်တော်ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး စာသင်ခန်းတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် (ပြည်စံအောင်) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်၍ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းအပ်လက်ခံနေမှုများ၊ စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစာကြည့်တိုက်များ၊ ကျောင်းဝင်းအတွင်း ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စာသင်ကျောင်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ကြပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ



## ၂-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၆.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅၇၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ချီးမြှင့်ငွေပေးအပ်



နေပြည်တော် ဇွန် ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ငွေဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိဘများအနေဖြင့် ကလေးများပညာရေးနှင့် ပတ်သက်၍ သားသမီးများ၏ ဝါသနာအရင်းခံသည့် ပညာဆည်းပူးမှုကို ရွေးချယ်ခွင့်ပေးစေလိုကြောင်း၊ သို့မှသာ မိမိတတ်ကျွမ်းသည့်ပညာရပ်များဖြင့် လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်၍ နိုင်ငံတော်၊ ပြည်သူနှင့် မိမိမိသားစုအပေါ် အကျိုးပြုဆောင်ရွက်နိုင်မည့်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ကျောင်းပညာရေးကို ဆုံးခန်းတိုင် သင်ယူကြမှသာ မိမိတို့၏ဘဝ လမ်းခရီးများအဆင်ပြေချောမွေ့မည်ဖြစ်သည့်အတွက်ကျောင်းသားကျောင်းသူများအားလုံး လုံ့လဝီရိယစိုက်ထုတ်၍ စာကိုကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များထံသို့ ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၃ နှစ်အောက် အမျိုးသား/အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဇွန် ၂

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၃ နှစ် အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ကွင်းအတွင်းမှပြန်လည်ထွက်ခွာကြပြီး ပထမပွဲစဉ်များယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ အမျိုးသားအသင်း ၄၅ သင်း၊ အမျိုးသမီးအသင်း ၂၂ သင်းတို့မှ အားကစားသမား ၄၀၁ ဦးတို့က ဇွန်လ ၉ ရက်အထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံ



# “ကျောင်းသားမိဘတွေအနေနဲ့လည်း မိမိတို့ရဲ့သား၊ သမီးတွေ ပညာတတ်တွေဖြစ်ပြီး အနာဂတ်လှပစေဖို့အတွက် ကျောင်းအချိန်မီအပ်နှံပြီး ကျောင်းလာရောက်တက်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။”

**ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေ**

နေပြည်တော် ဇွန် ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့တွင်စတင်ဖွင့်လှစ်ရာ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ သတ်မှတ်အချိန်ဇယားများအတိုင်း ပြဋ္ဌာန်းဘာသာရပ်များကို သင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျစီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်းအချိန်စာရင်းများအသိပေးကြေညာထားခြင်း၊ ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဥယျာဉ်ရပ်ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် အသိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များစိုက်ထူထားခြင်း၊ ကျောင်းကြို၊ ပို့ယာဉ်များစီစဉ်ထားခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးခြင်းတို့ကို ပြည့်စုံစွာ စီမံဆောင်ရွက်ထားကြသည်။

ယနေ့အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ဆရာ၊ ဆရာမများ၊ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်-



နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

**ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေ**

ဒီနေ့အထိ ကျောင်းသား၊ ကျောင်းသူပေါင်း ၁၂၃၆ ဦး လာရောက်အပ်နှံထားပါတယ်။ ပြီးခဲ့တဲ့နှစ်က တက်ရောက်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးနီးပါး ပြန်လည်တက်ရောက်ကြပါတယ်။ Grade -12 ပြန်လည်ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေကိုတော့ မူလတန်းအဆောင်မှာ စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေတဲ့အတွက် ကျောင်းတက်ချိန်ကို နှစ်ချိန်ခွဲပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ Grade-12 ကျောင်းသား၊ ကျောင်းသူတွေ ပြန်လည်ဖြေဆိုပြီးသွားရင် စာသင်ချိန်ကို ပုံမှန်အတိုင်း တစ်သုတ်တက်နဲ့ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စာသင်ချိန်ကိုတော့ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း စာသင်ချိန်ရှစ်ချိန်နဲ့ဆောင်ရွက်နေပါတယ်။ ကျောင်းတက်၊ ကျောင်းဆင်း ကြို/ပို့အတွက် ကျောင်းကားတွေကိုလည်း စီစဉ်ထားပါတယ်။ ဥပဒေပညာ၊ စာရိတ္တနဲ့ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ အနုပညာ (ပန်းချီ)(ဂီတ)၊ ကာယပညာနဲ့ ဒေသ/စာကြည့်တိုက်ဆိုင်ရာ ဘာသာရပ်တွေကိုလည်း လိုအပ်တဲ့အတန်းတွေအလိုက် သင်ကြားပေးပါတယ်။ ဒီနေ့ကလေးအများစုကို မိုဘိုင်းဖုန်းအသုံးပြုမှုလျှော့ချပြီး စာပေဖတ်ရှုခြင်းအလေ့အထကိုရရှိစေချင်ပါတယ်။ စာဖတ်ချိန်မှာလည်း အသိပညာဗဟုသုတရဖွယ် စာပေတွေကို ဖတ်ရှုခိုင်းပါတယ်။ ကျောင်းသားမိဘတွေအနေနဲ့လည်း မိမိတို့ရဲ့သား၊ သမီးတွေ ပညာတတ်တွေဖြစ်ပြီး အနာဂတ်လှပစေဖို့အတွက် ကျောင်းအချိန်မီအပ်နှံပြီး ကျောင်းလာရောက်တက်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။

**ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေ**

ဒီနေ့ ဇွန်လ ၂ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၁၄၅၅ ဦးကျောင်းအပ်လက်ခံထားပါတယ်။ ဒီတစ်လလုံးလည်း ကျောင်းသားကျောင်းသူတွေကိုဆက်လက်ကျောင်းအပ်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ မနှစ်က မတ်လနောက်ဆုံးစာရင်းချုပ်နဲ့နှိုင်းယှဉ်ရင် ၉၀ ရာခိုင်နှုန်းကျော် ကျောင်းအပ်ပြီးနေပါပြီ။ နိုင်ငံသားတိုင်း ဥပဒေအကြောင်းအရာနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအချက်အလက်တွေကို သိရှိထားသင့်တဲ့အတွက် အထက်တန်းအဆင့်မှာ ဥပဒေဘာသာရပ်အချိန်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ မိုဘိုင်းဖုန်းနဲ့ဆိုရှယ်လွှမ်းမိုးမှုမှာ အခြေခံကဏ္ဍက စာကြည့်တိုက်နဲ့ဆက်စပ်ပါတယ်။ ကလေးတွေ စာများများဖတ်ဖို့လိုပါတယ်။ စာကြည့်တိုက်အချိန်မှာ ဖတ်နေတဲ့စာအုပ်မပြီးသေးရင် စာအုပ်ကို အိမ်ငှားခွင့်ပေးလိုက်ပါတယ်။ ငှားလိုက်တဲ့ စာအုပ်ရဲ့အကြောင်းအရာ ပြန်လည်ပြောရမယ်ဆိုတော့ ကလေးတွေက စာအုပ်ကို သေသေချာချာဖတ်ကြပါတယ်။



ဦးဝင်းနိုင်

ကလေးတစ်ယောက်ကို စာဖတ်တဲ့ ရေရှည်အလေ့အကျင့်ကောင်း ပြုစုပျိုးထောင်ပေးခြင်းဖြင့် မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းလျော့ကျသွားမယ်လို့ထင်ပါတယ်။

**အထက်တန်းပြဆရာမ ဒေါ်လှမိုးသူ လသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး**

ကျွန်မတို့ကျောင်းက မနက် ၇ နာရီခွဲကနေပြီးတော့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အထိဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ထက်စာရင် အခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသူဦးရေနဲ့ ကျောင်းတက်သူရာခိုင်နှုန်းလည်း ပိုမိုတိုးတက်လာတာတွေ့ရပါတယ်။ ဒီပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ သင်ရိုးညွှန်းမာတိကာတွေနဲ့ကလေးတွေကို ပညာရေးအပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေဖို့နဲ့ အထက်တန်းဆိုရင်လည်း အမှတ်ပေးစည်းမျဉ်းတွေနဲ့အညီ ဘာသာရပ်တိုင်းကို ထူးချွန်ထက်မြက်တဲ့ ကျောင်းသူတွေဖြစ်အောင် သင်ကြားပေးဖို့ဆောင်ရွက်ထားပါတယ်။ ကျောင်းကျန်းမာရေးအနေနဲ့ကတော့ ကျောင်းမဖွင့်ခင်မှာ ကျန်းမာရေးဝန်ကြီးဌာနရယ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ ပူးပေါင်းပြီးတော့ အခန်းလိုက် ခြင်ဆေးဖျန်းတာတွေ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဖို့အတွက် ရေကန်တွေမှာလည်း အဘိတ်ဆေးခတ်တာတွေလည်း ပြုလုပ်ထားပါတယ်။ ကျောင်းစစဖွင့်ချင်းရက်မှာပဲ ဆရာ၊ ဆရာမတွေကလည်း အင်ပြည့်အားပြည့်နဲ့ စာသင်ဖို့အသင့်ဖြစ်နေသလို အခုလို မိုးထဲလေထဲမှာပဲ ကျောင်းသူတွေကလည်း အားအင်အပြည့်နဲ့ ပညာသင်ကြားဖို့အတွက်လာကြသလို မိဘ



ဒေါ်သက်သက်သင်း

တွေကလည်း သားသမီးတွေကိုကျောင်းကိုရောက်အောင်လာပို့ကြတဲ့တွက် ဝမ်းသာပီတိဖြစ်မိပါတယ်။

**ကျောင်းသူ မယွန်းသန့်သူ၊ Grade-7 အထက(၂)လသာ၊ ရန်ကုန်တိုင်းဒေသကြီး**

အခုဆိုရင် မိုးတွေကရွာနေပေမယ့် ခွဲခွာနေခဲ့ရတဲ့ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့ အခုပြန်တွေ့ရတဲ့အတွက် ပျော်ရွှင်ဝမ်းသာရပါတယ်။ သမီးအခုတက်ရောက်နေတဲ့ Grade-7 မှာဆိုရင် မြန်မာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံဆိုတဲ့ ဘာသာခြောက်ဘာသာသင်ယူရမှာဖြစ်ပါတယ်။ သမီးကတော့ ဆရာ၊ ဆရာမတွေရဲ့ စကားကို မြေဝယ်မကျနားထောင်ပြီး ပညာရေးအပြင် ဘက်စုံထူးချွန်ထက်မြက်အောင် အကောင်းဆုံးကြိုးစားသွားပါမယ်။

**ကျောင်းသားမိဘတစ်ဦး မန္တလေးတိုင်းဒေသကြီး**

ကျွန်မကလေးတွေကတော့ ဒီနှစ်မှာ Grade-1 နဲ့ Grade-7 မှာ ပညာသင်ကြားမှာဖြစ်တယ်။ ကျွန်မတို့အနေနဲ့ ကလေးတွေကို ပေးနိုင်တာကတော့ ပညာအမွေပဲဖြစ်တယ်။ ကျွန်မကဝန်ထမ်းဖြစ်တဲ့အတွက် ဘယ်နေရာမှာ တာဝန်ကျကျ ကျောင်းကိုရောက်အောင်ပို့ပြီး ပညာသင်ကြားစေပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာကလည်း အချိန်မရွေးကျရောက်နိုင်တာဆိုတော့ ကိုယ့်ကလေးတွေကိုလည်း ဒီလိုအန္တရာယ်မျိုးကျရောက်လာရင် ဘယ်လိုနေထိုင်ပြုမူရမယ်ဆိုတာကိုသင်ပေးထားပါတယ်။ အကယ်၍ ကျောင်းတက်နေရင်း ကြုံလာရင်လည်း ဆရာ၊ ဆရာမတွေရဲ့ ပြောစကားကို နားထောင်ပြီး ဘေးအန္တရာယ်တွေကို ရင်ဆိုင်ပါလို့ သွန်သင်ဆုံးမထားပါတယ်။ မိဘတိုင်းအတွက်ကတော့ ကိုယ့်သားသမီး




ဒေါ်လှမိုးသူ




မယွန်းသန့်သူ

ဟာ အဖိုးထိုက်တန်တဲ့ ရတနာတစ်ပါးလိုပါပဲ။ ဒါကြောင့် မိမိတို့အနေနဲ့ ဘယ်လိုအခြေအနေမျိုးပဲရောက်ပါစေ မိမိတို့သားသမီးတွေကိုတော့ ကျောင်းကိုရောက်အောင်ပို့ပြီး သူတို့ဘဝအနာဂတ်လှပဖို့ ပညာသင်ကြားစေလိုပါတယ်။

**ကျောင်းသူ မအေမရာဦး၊ Grade-7 မန္တလေးတိုင်းဒေသကြီး**

အခုလိုကျောင်းတွေပြန်ဖွင့်ပြီဆိုတော့ သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံပြီး ကျောင်းစာတွေသင်ကြားမှာဖြစ်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ နောက်ပြီး ဆရာ၊ ဆရာမတွေ သင်ကြားပေးမယ့် ကျောင်းသင်ခန်းစာတွေကိုလည်း ကြိုးစားပြီးသင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သမီးအနေနဲ့ Grade-12 ကို အမှတ်ကောင်းကောင်းနဲ့ အောင်မြင်နိုင်ဖို့ အခုကတည်းက ကြိုးစားသွားမှာဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံ့တာဝန်တွေကို တတ်နိုင်တဲ့ဘက်က ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**
**မော်ကြီး**
**မင်းထက်အောင်**

# ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး (Ending Plastic Pollution Globally)

ကမ္ဘာတစ်ဝန်းတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် "ရာသီဥတုပြောင်းလဲမှု"၊ "သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများပျက်စီးဆုံးရှုံးမှု"၊ "ပတ်ဝန်းကျင်ညစ်ညမ်းမှု" တို့သည် လူသားတို့အဓိကဖြေရှင်းဆောင်ရွက်ရမည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများပင်ဖြစ်သည်။ အဆိုပါ ကမ္ဘာ့အကျပ်အတည်းများအတွင်း ၎င်းတို့၏ကိုယ်ပိုင်အကြောင်းတရားများနှင့် သက်ရောက်မှုများစွာရှိနေသော်လည်း ၎င်းတို့အားလုံးတွင်အဓိကထပ်တူညီနေသော **"ပလတ်စတစ် စွန့်ပစ်ပစ္စည်းကဏ္ဍ"** ကို ဖြေရှင်းဆောင်ရွက်မှုများနှင့် ဦးဆောင်မှုများ အရေးတကြီးလိုအပ်လျက်ရှိရာ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးအတွက် ကမ္ဘာ့နိုင်ငံများ၏စုပေါင်းအားဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပေမည်။

ပလတ်စတစ်များကို ၁၉၀၇ ခုနှစ်၌ နယူးယောက်မြို့တော်နေ Leo Baekeland မှ စတင်ရှာဖွေတွေ့ရှိခဲ့ပြီးနောက်ပိုင်းတွင် ဓာတ်မီနည်းပညာများဖြင့် ပုံစံအမျိုးမျိုးသောထုတ်ကုန်ပစ္စည်းများကို တီထွင်ထုတ်လုပ်အသုံးပြုလာခဲ့ကြသည်။ ၂၀ ရာစုနောက်ပိုင်းတွင် ပလတ်စတစ်သည် လူသုံးအများဆုံး ကုန်စည်တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ "Plastics" ဟူသောဝေါဟာရသည် ဂရိဘာသာစကား Plastikos က ဆင်းသက်လာပြီး "ပုံဖော်နိုင်စွမ်း၊ ပုံသွင်းနိုင်စွမ်းရှိသောပစ္စည်း" ဟု အဓိပ္ပာယ်ရသည်။

ပလတ်စတစ်ထုတ်လုပ်ရန်အတွက် ကုန်ကျစရိတ်သည် များပြားမှုမရှိသည့်အတွက် ကမ္ဘာတစ်ဝန်းတွင် စီးပွားဖြစ်ထုတ်လုပ်လာကြသည်။ အမေရိကန်နိုင်ငံတွင် ပလတ်စတစ်ပစ္စည်းအသစ်များထုတ်လုပ်မှုသည် ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွင် စတင်ကျယ်ပြန့်လာခဲ့ပြီး ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက် ဓာတုပစ္စည်းများနှင့် စက်မှုနည်းပညာများဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ပလတ်စတစ်မျိုးစုံထုတ်လုပ်မှုသည်လည်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်းပေါင်း ၁၀၀ ခန့် ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတိုင်မီအချိန်တွင် ကမ္ဘာတစ်ဝန်း ပလတ်စတစ်ထုတ်လုပ်မှုတန်ချိန် ၃၂၂ သန်းအထိ ဆပွားတိုးမြင့်လာခဲ့သည်၊ ကမ္ဘာ့ကုလသမဂ္ဂ(UNEP) ၏ လတ်တလောထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း နှစ်စဉ်ပလတ်စတစ်တန်ချိန် သန်း ၄၃၀ ကျော် ထုတ်လုပ်လျက်ရှိပြီး ယင်းတို့အနက် သုံးပုံနှစ်ပုံသည် စွန့်ပစ်ပစ္စည်းများအဖြစ်သို့ရောက်ရှိလျက်ရှိလာခဲ့သည်။

နှစ်စဉ် ပလတ်စတစ်တန်ချိန် ရှစ်သန်းခန့်သည်လည်း သမုဒ္ဒရာနှင့် ပင်လယ်ပြင်အတွင်း ရောက်ရှိလျက်ရှိပြီး ထိရောက်သောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများပြုလုပ်နိုင်ခြင်းမရှိပါက ၂၀၂၅ ခုနှစ်တွင် ပင်လယ်ပြင်အတွင်း ပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန်သန်း ၁၀၀ - ၂၅၀ ထိ ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ လက်ရှိအချိန်တွင် ပလတ်စတစ်တန်ချိန်သန်းပေါင်း ၁၅၀ ခန့်သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိကာ အပိုင်းပိုင်းပြိုကွဲမှုဖြစ်စဉ်ကြောင့် အန္တရာယ်ရှိသည့် အချင်း ၅ မီလီမီတာထက်သေးငယ်သော ပလတ်စတစ်အမှုန်များ မိုက်ခရိုပလတ်စတစ် (Microplastics) အဖြစ်သို့ ပြိုကွဲလျက်ရှိသည်။

ပလတ်စတစ်အားလုံးသည် ရုပ်ကြွင်းလောင်စာကို အခြေခံသောပစ္စည်းများဖြစ်ပြီး ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များအတွက် ရေနံစိမ်းပမာဏများစွာကို အသုံးပြုရသည်။ ပလတ်စတစ်ပစ္စည်းထုတ်လုပ်မှုများ အရှိန်အဟုန်မြင့်မားလာသောကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝယ်လိုအား ပိုမိုများပြားလျက်ရှိရာ ကမ်းလွန်ရေနံတူးဖော်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကြောင့် ကြီးမားကျယ်ပြန့်သော သမုဒ္ဒရာဇီဝမျိုးစုံမျိုးကွဲများကိုပံ့ပိုးပေးရာတွင် မရှိမဖြစ်လိုအပ်သော



ဂေဟစနစ်များ ပျက်စီးဆုံးရှုံးသွားစေသည်၊ သမုဒ္ဒရာထဲတွင်ရှိသော မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများကို စားသုံးမိခြင်းကြောင့် ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ကိုဆုံးရှုံးစေပြီး ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိခိုက်စေသည်။ ရေနှင့်မြေဂေဟစနစ်နှစ်ခုလုံးတွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများသည်လည်း ပလတ်စတစ်ညစ်ညမ်းမှုများကြောင့် လွန်စွာထိခိုက်ပျက်စီးလျက်ရှိသည်။ ပလတ်စတစ်များသည် ၎င်းတို့၏ ထုတ်လုပ်မှုနှင့် အသုံးပြုပြီး စွန့်ပစ်မီးရှို့ဖျက်ဆီးခြင်း ကွင်းဆက်တစ်လျှောက်လုံးတွင် မှန်လုံအိမ်ဓာတ်ငွေ့များကို လေထုအတွင်းသို့ တိုက်ရိုက်ထုတ်လွှတ်လျက်ရှိရုံသာမက ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်နှင့် ဟိုက်ထရိုဂျင်ဆိုင်ယာနိုက်စသည့် ဓာတ်ငွေ့များထွက်ရှိပြီး လေထုထဲသို့ရောက်ရှိနေသည့် ပလတ်စတစ်အမှုန်များက လူသားတို့၏ အသက်ရှူလမ်းကြောင်းသို့ရောက်ရှိကာ အချိန်ကြာလာသည်နှင့်အမျှ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေသဖြင့် လူသားတို့၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။

**ပလတ်စတစ်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များမှ တစ်ဆင့် မှန်လုံအိမ်ဓာတ်ငွေ့များ လိုအပ်သည်ထက် ပိုမိုထုတ်လွှတ်သောကြောင့် ကမ္ဘာတစ်ဝန်းပျမ်းမျှ မျက်နှာပြင်အပူချိန်မြင့်တက်လာပြီး ကမ္ဘာကြီးပူနွေးလာမှုမှတစ်ဆင့် မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသော ရာသီဥတုပြောင်းလဲခြင်းအခြေအနေများကို ဆက်လက်ဖြစ်ပေါ်စေသည်။ နောက်ဆုံး ခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ပလတ်စတစ်ထုတ်လုပ်မှုသည် သုံးဆအထိတိုးမြင့်လာနိုင်ပြီး ၎င်းနှင့်အတူ ပလတ်စတစ်ညစ်ညမ်းမှုသည်လည်း ကမ္ဘာမြေပေါ်တွင် ပိုမိုတိုးပွားလာသည့် အရေးကြီးစွာ တစ်ခုပင်ဖြစ်**သည်။

သို့ဖြစ်ရာ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂမှ ကြီးမှူးပြီး ပထမဆုံးအကြိမ် သမိုင်းဝင်လူသားညီလာခံကြီး (United Nation Conference on Human Environment) စတင်ကျင်းပခဲ့သည့် ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ အဆိုပါကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၂ ခုနှစ်တွင် သတ်မှတ်ပေးခဲ့သော်လည်း အထိမ်းအမှတ်အခမ်းအနားများကို ၁၉၇၃ ခုနှစ်မှ စတင်ကျင်းပခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် အာရုံစူးစိုက်မိလာစေရန်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုပြဿနာများအနက် အရေးကြီးပြဿနာရပ်များ၊ အဓိကစိန်ခေါ်မှုများကိုသိရှိကာ အလေးထားဖြေရှင်းဆောင်ရွက်လာကြစေရန်ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကို ၁၉၇၄ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ပြန်သတ်မှတ်ပေးခဲ့သည်။ ၁၉၈၇ ခုနှစ်မှအစပြု၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကိုပါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ်လှည့်လည်ကျင်းပလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာအထိမ်းအမှတ်အခမ်းအနားကို ကိုရီးယားသမ္မတနိုင်ငံ (ဂျယ်ဂျူးအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) မှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်သည်။ "ဂျယ်ဂျူးကျွန်း၏အနာဂတ်တွင် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး ကတိကဝတ်သည် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ ရည်မှန်းချက်များနှင့် အပြည့်အဝကိုက်ညီမှုရှိပြီး ၎င်း၏ မပျက်စီးသေးသော သဘာဝအလှတရားများနှင့် ဆန်းသစ်တီထွင်မှုရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုပြသခြင်းဖြင့် ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ရန် လူသားများကို လှုံ့ဆော်ပေးလိမ့်မည်" ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Ms.Inger Andersen က ပြောကြားခဲ့သည်။

**ဒေါ်ဝင့်မွန်မွန်အိ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ယခုနှစ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး"** ဆောင်ပုဒ်ဖြင့်ကျင်းပသွားမည်ဖြစ်ပြီး ၎င်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုကို အဆုံးသတ်စေမည့် သဘောတူညီချက်တစ်ခုထွက်ပေါ်လာစေရန် အရေးပါသောအပြောင်းအလဲတစ်ရပ်ဖြစ်လာစေမည်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၏အရေးပါမှုနှင့် ၂၀၂၄ ခုနှစ်နိုဝင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ၌ကျင်းပခဲ့သည့် ပင်လယ်ပတ်ဝန်းကျင်အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ အစိုးရအချင်းချင်းညှိနှိုင်းရေးကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးတွင် နိုင်ငံတကာပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ တရားဝင်စည်းနှောင်မှုရှိသော သဘောတူညီချက်တစ်ခုပေါ်ထွန်းလာစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောတူထောက်ခံအတည်ပြုခဲ့ကြပြီး အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်လျှော့ချရေးလုပ်ငန်းများကို အာဆီယံဒေသတွင်းနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး ၎င်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တွင်ပါဝင်သော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူစွာ အဏ္ဏဝါအမှိုက်သရိုက်များအား အရေးယူဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်ရေးဆွဲရေးနှင့် အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းကို လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့်ပလတ်စတစ်ဆိုင်ရာလုပ်ငန်းအစီအစဉ် (National Plastic Action Plan) ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အစိုးရဌာနဆိုင်ရာရုံးများတွင် ပလတ်စတစ်စွန့်ပစ်မှုနှင့် တစ်ခါသုံးပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချနိုင်ရေးအတွက် အစည်းအဝေးများကျင်းပရာတွင် တစ်ခါသုံးရေသန့်ဘူးများအစား အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဖန်ပုလင်းနှင့် ဖန်ခွက်များကို အစားထိုးအသုံးပြုလျက်ရှိသည့်အပြင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ရုံးများ၊

**စာမျက်နှာ ၁၄ သို့**

# သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပြည်)၏ ဂျူတီကုတ်/ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ပြည် ဇွန် ၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပြည်)၏ အမှတ်စဉ်(၃၁) သူနာပြုသင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်/ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပသည်။



ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက ပျူအကဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းတွင် ထူးချွန်ပထမဆုရ သင်တန်းသား၊ သင်တန်းသူ လေးဦးအား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီးက ဦးဆောင်းအပ်နှင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းပေးသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက "ကရုဏာအလင်း" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဒုတိယဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပြည်)အတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

● **စာမျက်နှာ ၁၃ မှအဆက်**

စာသင်ကျောင်းများနှင့် ဈေးများတွင် ပြည်သူလူထုများအား ပလတ်စတစ်၏ဆိုးကျိုးများကို သိရှိနားလည်စေရန်နှင့် ပလတ်စတစ်လျှော့ချသုံးစွဲစေရန် အသိပညာပေးဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စုပေါင်းအမှိုက်ကောက်ပွဲများ ကျင်းပခြင်းကိုဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ ပူးပေါင်းပါဝင်လာစေရေး နှိုးဆော်တိုက်တွန်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း ကမ္ဘာမြေပေါ်တွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရသော ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ဆွဲခြင်းများအသုံးပြုခြင်း၊ အလွယ်တကူဆွေးမြည့်နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကို တစ်ဦးတစ်ယောက်ချင်းအားဖြင့် တတ်နိုင်သမျှ လျှော့ချသင့်ပေသည်။ ထို့ပြင် သုံးစွဲပြီးသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို သတ်မှတ်အမှိုက်ပုံနေရာတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ကမ္ဘာမြေ၏ သဘာဝအလှတရားကိုထိန်းသိမ်းသင့်ပေသည်။ အမိကမ္ဘာမြေ အစဉ်ကျန်းမာပြီး ပလတ်စတစ်ကင်းဝေးစေရေးအတွက် အသုံးပြုရန်မလိုအပ်ပါက ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း(Reject)၊ ပလတ်စတစ်အိတ်များအစား ချည်ဖြင့်ပြုလုပ်ထားသည့် ဈေးဝယ်အိတ်များ၊ စက္ကူအိတ်များကိုအသုံးပြု၍ ပစ္စည်းထုပ်ပိုးရာတွင် အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်စသည်တို့ကိုသုံးစွဲခြင်းဖြင့် ပလတ်စတစ်အိတ်အသုံးပြုမှုကို လျှော့ချခြင်း (Reduce)၊ ပလတ်စတစ်အိတ်အဟောင်းများကို အမှိုက်အဖြစ်စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုခြင်း(Reuse)၊ ကုန်ကြမ်းအဖြစ်အသုံးပြုပြီး အသစ်ပြန်လည်ထုတ်လုပ်ခြင်း (Recycle)၊ အသုံးပြုပြီးသောပလတ်စတစ်အိတ်ခွံများကိုစုထားပြီး ပြန်လည်အသုံးပြုနိုင်သောနေရာများသို့ ပြန်လည်ပေးပို့ခြင်း (Return) စသည်တို့ကို အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ လိုက်နာဆောင်ရွက်သင့်ပေသည်။

ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးနှင့်အတူ ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးကို အချိန်မီမဆောင်ရွက်နိုင်ပါက ကမ္ဘာမြေ၏ရေထုထဲတွင် ရေနေသတ္တဝါများထက် ပလတ်စတစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်ရာ အနာဂတ်ကမ္ဘာမြေ၏ သဘာဝဂေဟစနစ်လည်ပတ်မှုမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာ ဖြေရှင်းနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်မှ အစိုးရများ၏ကဏ္ဍအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး စုပေါင်းအားဖြင့် အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

လူသားတိုင်းသည် သန့်ရှင်းသော ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်ကြမှသာ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး လူသားများနှင့် ကုန်းနေ၊ ရေနေသတ္တဝါများအားလုံးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်သည် မဖြစ်မနေလိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၏ ရေရှည်မျှော်မှန်းချက်ပါ **"သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်"** ဖြစ်ပေါ်လာစေရေး ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်အကျိုးကို ယိုယွင်းစေမည့်အပြုအမူများအား အတတ်နိုင်ဆုံးရှောင်ရှားကာ ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ပူးပေါင်းကာ ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်သာယာလှပရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း **၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ကြိုဆိုဂုဏ်ပြုရင်း** တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| | | မေတ္တာပို့ | ၆။ | ၁၃:၀၀ | တစ်ပတ်အတွင်း |
| | | ကိုယ်လက်လှုပ်ရှား | | | ထိပ်တန်းရောက်ကမ္ဘာ့သတင်း |
| | | အားကစား | | | သုံးသပ်ချက် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ | ၇။ | ၁၄:၀၀ | Sharing Knowledge |
| | | သိစေချင် | ၈။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၃။ | ၀၉:၀၀ | Soft Skill | ၉။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် | | | လမ်းလျှောက်ကြပါစို့ |
| | | သဘာဝပတ်ဝန်းကျင် | ၁၀။ | ၁၈:၄၀ | မွေးမြူသုတ |

# ပန်းကလေးများ ပွင့်တော့မည်

❖ မိုးဦးလေဦး၊ ရွှင်မြူးချိန်ခါ
မိုးပုလဲလှ၊ ကြွေကျသိမ့်သိမ့်ရွာ
ပန်းပေါင်းဝေဆာ၊ လန်းဖြာထုံမွှေး
ဆင်သွေးမျိုးစုံ၊ ပန်းရိပ်မြုံ
လှုံ့ဘုံသာယာ အေးသည်နှင့်လေး။

❖ မိုးရေဖွေးဖွေး၊ ရင်သွေးပျော်သည်
ခေါင်းလောင်းသံလွင့်၊ ကျောင်းဖွင့်စရာသီ
ခြေလှမ်းညီညီ၊ ကျောင်းဆီလှမ်းသွား
ကျောင်းလမ်းပေါ်မှာ၊ ဖော်သဟာ
ခိုင်မာလက်တွဲ ထားသည်နှင့်လေး။

❖ စိမ်းဖြူပန်းများ၊ ကျောင်းသား ကျောင်းသူ
ကျောင်းအပ်နှံပေး၊ ရှေ့ရေးမြော်မြင်ကူ
ပညာသင်ယူ၊ စိုက်ထူအောင်နန်း
ပွင့်ပန်းဝေစည်၊ ဖူးတံချီ
ထုံကြည်ကြိုင်လျှမ်း လန်းသည်နှင့်လေး။

❖ ပညာမြတ်ပန်း၊ ကျောင်းခန်းသာယာ
စည်းကမ်းကျင့်ဝတ်၊ မချွတ်ကျင့်ကြံရာ
စိတ်ဓာတ်ခိုင်မာ၊ ပညာဖွံ့ဖြိုး
ရိုးရိုးကျင့်သန်၊ မြင့်မြင့်ကြံ
မှန်ကန်စာရိတ္တ တိုးသည်နှင့်လေး။

❖ အကြောင်းအကျိုး၊ ကောင်းဆိုးဆင်ခြင်
ကျောင်းသား မိဘ၊ တက်ကြွကျောင်းတော်တွင်
ဆရာသခင်၊ မြှင့်တင်လမ်းဖွင့်
ပညာရိပ်မြုံ၊ မေတ္တာထုံ
ပြည့်စုံဂုဏ်ရည် မြင့်သည်နှင့်လေး။

❖ ပန်းတိုင်းဖူးပွင့်၊ ထူးတင့်လန်းဖြာ
ဝိဇ္ဇာသိပ္ပ၊ ရကြမြတ်ပညာ
အနာဂတ်ရွှာ၊ မြန်မာမြင့်ရေး
ပညာထူးချွန်၊ လူရည်မွန်
ကျေပွန်မွေးထုတ် ပေးသည်နှင့်လေး။

❖ ဖြူဖွေးစံပယ် သင်းထုံကြွယ်
မြေဝယ်ပွင့်တော့သည်။
ပညာသင်ရွယ် ကလေးငယ်
ကျောင်းဝယ်ဝင့်တော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နှစ်(၇၀၀) အားကစားကွင်း ဘောလုံးပွဲကြည့်စင်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ဘုရားစေတီပုထိုးများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများ ရှင်းလင်းဖယ်ရှားရာတွင် ပြန်လည်သိမ်းဆည်းရရှိသော ဌာပနာတော်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတာပန်ရပ်ကွက်၊ နန်းဦးမြို့သစ်၊ ပိုးတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့အတွင်းရှိကျောင်းတိုက်များ၊ စေတီများ၊ သာသနိကအဆောက်အအုံများနှင့် လမ်းကြီး၏ လမ်းဘေးဝဲ/ယာ ပြိုကျပျက်စီးနေသော အပျက်အစီးများကို စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေနှင့် အပျက်အစီးများအား စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် Sky Villa ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန်ကျန်ရှိသည့် " A " ဆောင်အား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် အခြေခံပညာကျောင်းများ၌ ကျောင်းများစတင်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုများအား ကြည့်ရှုပြီး G-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို အားပေးစကားပြောကြားစဉ်။

ထို့နောက် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) အားကစားခန်းမ၌ စစ်ကိုင်းမြို့ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ရေးပေးနေမှုများနှင့် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘောလုံးပွဲကြည့်စင်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၊ အရိုးထိခိုက်ဒဏ်ရာကုဌာနတို့ရှိလူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန်ကျန်ရှိသည့် " A " ဆောင်အား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှု၊ Sky Villa အဆောက်အအုံအပျက်အစီးများအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိသောပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့်ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာ ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့သွားရောက်၍အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဘုရားကြီးအား ဘုရားဖူးပြည်သူများလာရောက်ဖူးမြော်စဉ်အန္တရာယ်ကင်းရှင်းစေရေး စမြင်နေရာများအား ယာယီဒေါက်တိုင်ထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ မေဃဝန်ဘုန်းတော်ကြီးကျောင်း၊ ကွမ်းသီးတန်းရပ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဈေးချိုရပ်ကွက်ရှိ ငလျင်ဒဏ်သင့် ကျွန်းကျောင်းစတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက်နှင့် ဆုတောင်းပြည့်ကျောက်ကာစေတီဦးလင်းဘုရား၌ တပ်မတော်သားများက အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်သိမ်းဆည်းရရှိသောဌာပနာတော်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)နှင့် ဆူးကုန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းများစတင်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုများအား သွားရောက်ကြည့်ရှုပြီး G-12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားသည်။ ထို့နောက်ကျောက်ဆည်မြို့နယ်၊ တံစိုးကျေးရွာရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ငလျင်ဒဏ်ကြောင့်ရပ်တန့်ခဲ့ရသော စာမေးပွဲအား ပြန်လည်ဖြေဆိုနေမှုများနှင့် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီလိုင်းခန်း(၃)ခန်းတွဲများ ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့၊ လမ်းဦးစီးရိပ်သာ၌ ပြုလုပ်သည့် **“ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး”**သို့တက်ရောက်၍ မြို့နယ်အလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးကယ်ဆယ်ရေးအတွက် လူ၊ စက်၊ ယန္တရားများနှင့် ကယ်ဆယ်ရေးပစ္စည်းများပြင်ဆင်စုဖွဲ့ထားရှိမှုများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့၊ မီးသတ်ဦးစီးဌာန၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်အနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး လူ၊ ယာဉ်၊ ယန္တရားများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့၊ ၄က္ကတောင်ကျေးရွာအုပ်စု၊ တောင်နံ့သာကွက်သစ်ရပ်ကွက်ရှိ သာမဏေကျော်စာသင်တိုက်သို့သွားရောက်၍ သံဃာတော်များအား ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။







နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

**❖ ရှေ့ဖုံးမှအဆက်**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများနေရာချထားခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများ ယနေ့တွင်စတင်ဖွင့်လှစ်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှ ကျောင်းသင်ခန်းစာများ သင်ကြား/ သင်ယူနေမှုတို့အား နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရှိရသည်။

အခုလိုအခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါတယ်-

"ဒီနှစ် ကျွန်တော်တို့ကျောင်းမှာတော့ ကျောင်းသားဦးရေက ၂၁၁၉ ဦး ဒီနေ့ထိ လက်ခံပြီးဖြစ်ပါတယ်။ မနှစ်ကတော့ ကျွန်တော်တို့ကျောင်းသားဦးရေက ၂၆၅၉ ဦး ရှိတယ်။ ဒီနှစ်ကတော့ ငလျင်ရဲ့ဒဏ်ကြောင့် တချို့တွေ ကျောင်းပြောင်းသွားတာတွေ ရှိတယ်။ နယ်ပြောင်းသွားတာလေးတွေရှိတယ်။ ကျောင်းနေတဲ့ ကလေးတွေလည်း ဘယ်လိုအခက်အခဲတွေပဲရှိရှိ ကျောင်းကို လာတက်စေချင်တယ်။ တတ်နိုင်သလောက် နိုင်ငံတော်နဲ့ ပညာရေးဌာနကနေ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ထောက်ပံ့မှုပစ္စည်းတွေလည်း ပေးထားတယ်။ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတွေကအစ ကျွန်တော်တို့ ကလေးတွေကို အားလုံးထောက်ပံ့ပေးထားတယ်။ အခုဒီနှစ် ကျောင်းဖွင့်ရာသီမှာ ဇွန်လ ၂ ရက်နေ့မှ စပြီးတော့ နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ညွှန်ကြားထားတဲ့အတိုင်း ကျွန်တော်တို့ ဖွင့်မယ်။ ကျောင်းသား၊ ကျောင်းသူတွေကို အယုတ် အလတ် အမြတ်မရွေး အားလုံးလက်ခံမယ်။ ဒါမှမဟုတ် ကျောင်းအပ်နှံရေးနေ့က မေလ ၂၂ ရက်နေ့ကနေ ဇွန်လာ ရက် လို့ပြောပေမယ့် အခုလာအပ်လည်းရပါတယ်။ ဒီဇွန်လ မကုန်မချင်း အချိန်မရွေးလာအပ်လို့ရတယ်။ အဲဒါကြောင့် ကျောင်းတက်ဖို့လည်း ဖိတ်ခေါ်ပါတယ်။ ကိုယ်နဲ့နီးစပ်ရာ ကျောင်းတွေကိုလည်း ဝင်ရောက်အပ်ကြဖို့ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်"ဟု ဆရာတစ်ဦးကပြောသည်။

"ကျွန်တော်ကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ Grade-12(A)မှ ကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။ ဇွန်လဆိုတာ ကျောင်းဖွင့်ချိန်ဖြစ်တဲ့အလျောက် ကျောင်းစတက်ရမယ်။ ကျောင်းပညာတွေကို သင်ကြားကြရမယ့် Grade-12 ဟာဆိုလို့ရှိရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကျင်းပတဲ့အတန်းလည်းဖြစ်တဲ့အလျောက် ၂၀၂၆ ခုနှစ် မတ်လမှာ တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြရမှာ ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ အတိုင်းမသိလည်းစိတ်လှုပ်ရှားရပါတယ်။ ကျွန်တော့်ရဲ့အနာဂတ်ရည်မှန်းချက်ကတော့ ကျွန်တော် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာဖြေဆိုပြီးသွားရင် နိုင်ငံတကာဆက်ဆံရေးကို စိတ်ဝင်စားတယ်။ သံတမန်ရေးရာပညာနဲ့ နိုင်ငံတော်ကိုအကျိုးပြုဖို့ ရည်မှန်းချက်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကောင်းကျိုးအတွက် ဆက်လက်ကြိုးစားသွားမယ်လို့ ရည်မှန်းချက်ထားပါတယ်"ဟုကျောင်းသားတစ်ဦးကပြောသည်။

(၁၀၀)





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုကြည့်ရှုအားပေးစဉ်။



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်မြို့ရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုကြည့်ရှုအားပေးစဉ်။



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုကြည့်ရှုအားပေးစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



တောင်ငူမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pantanaw Township ships sweet corns to Yangon market



PANTANAW June 2

A large number of sweet corns were sold to Yangon market from Pantanaw Township of Ayeyawady Region said Daw Akyee Lay, the agricultural produce trader in Pantanaw Township.

"A total of 95,000 cobs of locally grown sweet corn from Pantanaw Township were successfully sold to the Yangon market", she explained.

"Over the past month, a large quantity of sweet corn from Pantanaw Township was delivered to the Yangon market. The demand from Yangon buyers for sweet corn grown in Pantanaw has been strong, which led to increased sales.As more goods are being delivered and sold, it is creating better job opportunities for traders. The sweet corn that has been exported is of good quality," said Daw Akyee Lay, a local agricultural produce wholesale market entrepreneur from Pantanaw Township.

Agricultural produce traders from Pantanaw are purchasing locally grown sweet corn and transporting it via cargo trucks to redistribute and sell in the Yangon market. The local sweet corn is reportedly free from pests, and the current market price ranges between Ks-29,500 and Ks-31,000 per 100 cobs.

**SMK**

# Green gram marketable in Kyonpyaw Township



KYONPYAW June 2

Green gram produced by Kyonpyaw Township of Ayeyawady Region are marketable due to high demand of merchants, said Daw Yi Yi Tun, the pulses and bean trader in Kyonpyaw Township.

Since the first week of May this year, there has been strong demand for green gram in Kyonpyaw Township, and trading activity has been good. It is reported that this strong demand is due to increased purchasing from the Yangon market for green grams produced in the region.

"Not only are the local markets, but also buyers from other regions purchasing green grams produced here. The demand has noticeably increased since around the first week of May. Along with this growing demand, prices have also slightly improved. Green grams from this region are now being bought up by the Yangon market. Due to the decline in overall bean production, buyers are actively purchasing, and sales have become lively," said Daw Yi Yi Tun, a trader and owner of a bean trading business in Kyonpyaw Township.

It is reported that the price for a 16-basket (pail) bag of green gram in Kyonpyaw Township has reached as high as Ks-167,000. Local agricultural commodity traders in the region are mainly transporting and selling their produce to the Yangon market. In addition to green gram, they are also selling matpe (black gram), cowpeas, sesame, rice, and other seasonal products.

**SMK**

# More than 7,000 acres of sunflower reaped in Monywa Township

MONYWA June 2

Local farmers have reaped 7,843 acres of sunflower planted in cold season in Monywa Township of Sagaing Region, according to the township agriculture department.

In Monywa Township, during the winter crop growing season, sunflower crops were cultivated on up to 7,843 acres. It is reported that harvesting of these sunflower fields began in January this year and has been fully completed as of today, with a yield of 24.53 baskets per acre.

"The total area of sunflower cultivation in Monywa Township during the winter crop season reached 7,843 acres. At present, all of these fields have been fully harvested. We've managed to cultivate more than the initially projected acreage. In order to reduce the import of palm oil from abroad, we are expanding the cultivation of oil-producing crops like sunflower. Sunflowers yield more oil per acre compared to other oil crops like groundnuts and sesame. Sunflowers are cultivated exclusively during the winter," said U Soe Thet Aung, Head of the Township Department of Agriculture.

To promote the expansion of sunflower cultivation in Monywa Township, the Township Department of Agriculture has been intensifying educational training programmes to enhance the capacity of both agricultural staff and farmers planning to grow sunflowers.

Township authorities have managed distribution of quality sunflower seeds to farmers and sales of urea fertilizer at fair price to farmers. Moreover, quality seeds of sunflower were exchanged among farmers to increase per-acre yield of crops.

**SMK**

# Number of nipa thatching sent to Yangon market

NGAPUTAW June 2

Businesspersons from Ngaputaw Township of Ayeyawady Region sent a large number of sheets of nipa thatch to Yangon market said Daw Ni Ni Win, the owner of nipa thatching trading in Ngaputaw Township.

Ngaputaw Township is a region where nipa palm thrives, and the harvested nipa thatch is being sold not only in the local market but also in the Yangon market. As of this year, a total of 850,000 sheets of nipa thatch were exported and sold within a single month.

"A large volume of nipa thatch was exported and sold to the Yangon market within a month. The nipa thatch exported from this region is not only in high demand but also of good quality. Over the past month, demand from the Yangon market has been strong. Thanks to this strong demand, local nipa palm plant cultivators and nipa thatch workers have been experiencing better conditions," said Daw Ni Ni Win, a nipa trading operator from Ngaputaw Township.

In Ngaputaw Township, nipa plant cultivation is widely practised by locals from 14 villages. Currently, the price of 100 sheets of nipa thatch has reached up to Ks-26,500. Due to the increasing demand for nipa thatch, cultivators, thatch workers, and trading operators are reportedly doing well.

**SK**

# Danubyu Township sells 75,000 baskets of Manaw Thukha paddy to Yangon market



DANUBYU June 2

Businesspersons from Danubyu Township of Ayeyawady Region supplied 75,000 baskets of Manaw Thukha paddy to Yangon market said Daw Htet Htet Khaing, the businessperson engaging in rice and paddy trading in Danubyu Township.

They could sell 75,000 baskets of Manaw Thukha paddy to Yangon. Such a paddy is included in the premium paddy strains.

Daw Htet Htet Khaing said: "We sent a large volume of Manaw Thukha paddy to Yangon within one month. We emphasize sales of agricultural produce to Yangon. Due to high demand from Yangon, we could send larger volume of paddy. Now, paddy prices are on the rise. We send the paddy to Yangon through both land route and waterway."

Manaw Thukha paddy fetches Ks-1.61 million per 100 baskets in Yangon market. Higher prices of the paddy help local farmers and those in production chain have convenient livelihoods.

**SMK**

# Larger volume of 75-day paddy strain sent to Yangon from Mawlamyinegyun Township

MAWLAMYINEGYUN June 2

Local businesspersons from Mawlamyinegyun Township of Ayeyawady Region could ship larger volume of 75-day paddy strain to Yangon market within two and a half months, said Daw Yi Yi, the rice and paddy trader in Mawlamyinegyun Township.

In the past month, over 85,000 baskets of 75-day paddy variety have been sold in the Yangon market. The majority of rice, paddy, and other agricultural products sent to the Yangon market come from Mawlamyinegyun Township. The 75-day paddy strain is considered a premium paddy variety. Due to high demand from buyers in Yangon, the volume of shipments has increased.

Currently, paddy prices are still rising. There are ongoing negotiations and arrangements for large purchases of this paddy variety in Yangon this month as well. Compared to other paddy types, the 75-day paddy variety has seen higher trading volumes both in the past month and at present," said Daw Yi Yi.

In the past month alone, the 75-day paddy variety exported from Mawlamyinegyun Township to the Yangon market has been priced as high as Ks-1.55 million per 100 baskets. The strong sales of this paddy variety have provided job opportunities for farmers, traders, transport laborers, and truck rental operators.

**SK**

# Kitchen crops harvested in Pwintbyu Township with high yield



PWINTBYU June 2

As kitchen crops planted in winter has been harvested at cent per cent in Pwintbyu Township of Magway Region, high yield of crops helps local farmers enjoy socio-economic development, according to Pwintbyu Township Agriculture Department.

Local farmers planted 992 acres of chilli, 1,148 acres of onion and 38 acres of garlic, totalling 2,178 acres in winter in Pwintbyu Township. As they have harvested all sown acreage of crops, chilli yielded 752 viss per acre, onion 5,510 viss per acre and garlic, 2,950 viss per acre.

Daw Moe Moe Wai, Head of the Township Agriculture Department, disclosed: "All sown acreage of kitchen crops has been harvested in Pwintbyu Township. Local farmers follow GAP system in growing the crops for ensuring food security of the people. Pest did not hit the crop plantations, so these crops boosted per-acre yield."

Local authorities earmarked 2,525 acres of kitchen crops in the township but farmers planted 2,178 acres of crops. Officials of the Township Agriculture Department helped local farmers produce healthy crops with least chemical residue.

**SMK**

# Farmers finish reaping of maize and sweet corns in Kawlin District

KAWLIN June 2

Local farmers are harvesting 1,433 acres of maize and sweet corns in Kawlin District of Sagaing Region, according to the statistics of Kawlin District Agriculture Department.

During the winter cropping season, a total of 1,433 acres were successfully cultivated with maize and sweet corn in Kawlin District of Sagaing Region.

The harvest of these sweet corn fields began in January of this year and continued up to today. It is reported that from the harvested fields, 19 acres of maize yielded an average of 36.16 baskets per acre, while 1,414 acres of sweet corn produced over 21,000 corncobs per acre.

U Win Thein, Head of Kawlin District Department of Agriculture, stated, "During the winter cropping season in Kawlin District, a total of 1,433 acres of sweet corn were cultivated. "

The harvest completion by township in Kawlin District was seven acres of maize and 382 acres of sweet corns in Kawlin Township, 12 acres of maize and 1,024 acres of sweet corns in Wuntho Township, and eight acres of sweet corns in Pinlebu Township.

To support farmers growing maize and sweet corn in Kawlin District, the relevant Township Agriculture Departments provided training courses, held field demonstrations, and promoted preventive measures against pests. They also taught integrated pest management practices, including the use of neem-based pesticides and natural remedies like ginger and chili-based sprays, as part of agricultural education efforts.

Local farmers need to cost Ks-500,000 per acre for maize, yielding more than 50 baskets per acre and more than Ks-500,000 per acre for cultivation of sweet corns which yield 15,000 cobs per acre.

**SK**

# 8 injured in Colorado "targeted terror attack"

LOS ANGELES June 2

Eight people were injured Sunday in "a targeted terror attack" in Boulder, Colorado, authorities said.

The suspect was identified as Mohamed Sabry Soliman, said Mark Michalek, special agent in charge of the FBI's Denver office, on Sunday evening at a news conference.

Boulder police confirmed Sunday night that eight people, namely four women and four men, were injured in the attack. Officials initially told news outlets that six victims had been taken to hospitals.

The 45-year-old suspect was allegedly heard yelling "Free Palestine" while using a "makeshift flamethrower" during the attack. He was also reportedly heard yelling "They are killers" and "How many children you killed."

Boulder Police Chief Stephen Redfearn said at a news conference that Boulder dispatch received several calls reporting an incident at the county courthouse in downtown Boulder at approximately 1:26 p.m. local time (1926 GMT).

Police officers found several victims suffering from burns and other injuries upon arriving at the scene.

An organizer with Run For Their Lives, a group that holds weekly walks to raise awareness about Israeli hostages held in Gaza – told local television station KUSA that a man was waiting with bottles when they arrived at the historic courthouse near 13th and Pearl Streets.

The suspect threw the bottles, burning multiple people, including a woman who was severely injured and had to roll on the ground to extinguish the flames, according to the report.

One of the victims is a Holocaust survivor, said the report.

In a social media post, FBI Director Kash Patel said, "We are aware of and fully investigating a targeted terror attack in Boulder, Colorado."

White House deputy chief of staff for policy and homeland security advisor Stephen Miller said in a social media post that the terror attack was committed by "an illegal alien."

**Xinhua**

# Iran ready to prove peaceful nature of its nuclear program - Foreign Minister

TEHRAN June 2

Iran is ready to take measures to prove the peaceful nature of its nuclear program, and will not under any circumstances give up its right to uranium enrichment, Iranian Foreign MInister Abbas Araghchi has announced.

"Iran is ready to take measures to prove the peaceful nature of its nuclear program. Iran is not going to give up its nuclear program. Uranium enrichment is our right based on international agreements, and this right cannot be taken away from us. We will not accept any demands that go against the rights of the Iranian people," Araghchi told reporters Monday after talks with his Egyptian counterpart, Badr Abdelatty, in Cairo.

Iran supports the International Atomic Energy Agency's (IAEA) proposal to create a nuclear-weapons-free zone in the Middle East, the top Iranian diplomat said, adding that Iran was "one of the architects of that initiative" and was seeking to implement it as well. Araghchi said he held a meeting on this issue with IAEA Director General Rafael Grossi.

Separately on Monday, Foreign Ministry spokesman Esmaeil Baghaei announced that Iran will respond to the US's latest nuclear offer "based on the principles and rights of the Iranian nation," and will not bend to radical and maximalist demands.

Iran supports and is pursuing a nuclear weapons-free West Asia, and Israel "is the only obstacle to the realization of a region free from nuclear arms," Baghaei said.

**Sputnik**

# Finnair cancels dozens of flights amid strike at Helsinki Airport




HELSINKI June 2

Finnish carrier Finnair cancelled around 50 flights on Monday as a strike disrupted operations at Helsinki Airport, national broadcaster Yle reported.

The walkout by members of the Finnish Aviation Union (IAU) affected ground handling and catering services throughout the day. Finnair estimated that approximately 3,600 passengers would be impacted and said it would offer rebookings or refunds to those whose flights were cancelled.

The industrial dispute between the IAU and aviation employer organisation Palta has remained unresolved since late January. While most air transport employee groups have accepted pay increases in line with national agreements, the IAU is demanding higher raises.

The union has also announced additional strike action for Wednesday.

**Xinhua**

# Ukraine, Russia conclude Istanbul peace talks with positive outcomes

ISTANBUL June 2

The latest round of peace talks between Ukraine and Russia, held in Istanbul on Monday under Turkish mediation, concluded with what officials described as some positive developments, particularly on humanitarian matters.

Turkish Foreign Ministry Spokesperson OncuKeceli confirmed that the talks, held behind closed doors, "did not end negatively."

Following the talks, Ukrainian Defense Minister Rustem Umerov, who led the Ukrainian delegation, stated at a press conference that the two sides had reached concrete humanitarian outcomes in the talks.

Umerov said during the talks Ukraine presented its agenda to Russia, proposing a 30-day unconditional ceasefire, alongside the release of prisoners and the return of young soldiers and children.

Moscow will return Ukraine 6,000 bodies of fallen soldiers, said Russian Presidential Aide Vladimir Medinsky after the peace talks. Moscow and Kiev agreed to exchange all heavily wounded and 18-25-year-old soldiers, while Moscow proposed to declare a ceasefire with Ukraine for two to three days at some areas of the front line, he added.

The two countries last held direct talks on May 16 in Istanbul -- their first face-to-face negotiations since March 2022. During that meeting, the two sides agreed to exchange 1,000 prisoners each, marking the largest prisoner swap since the start of the conflict.

**Xinhua**

# Gaza calls Israeli video on Rafah aid attack fabricated after 31 civilians killed

MOSCOW June 2

The Gaza Strip's authorities have rejected Israel's account of a recent incident near a humanitarian aid distribution point in Rafah where dozens were killed, saying it was not the result of clashes but rather a deliberate attack by the Israeli military against Palestinian civilians.

On Sunday, the Gaza Health Ministry said at least 21 people died and 158 others were injured at the Rafah aid station in an attack carried out by Israel. The Israel Defense Forces (IDF) responded by sharing footage depicting armed people throwing stones and firing at the people who came to the aid distribution site, insisting it was not the Israeli military that opened fire.



"The Israeli occupation publishes a fabricated misleading video to cover up its brutal crime in which 31 civilians were killed and 200 others were injured in front of the so-called Israeli-American humanitarian aid distribution centers in Rafah," the Gaza administration said on Telegram, pointing out that the video was realized more than 15 hours after the incident and contradicts eyewitness accounts and field data.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# What is renewable energy storage (and why is it important for reaching net zero)?

Renewable energy plays a key role in the journey to net zero carbon emissions, helping to reduce the demand for fossil fuels by providing cleaner sources of energy.

But as the world derives an increasing amount of its electricity from these renewable energy sources, there’s a growing need for technologies that can capture and store it.

**Why does renewable energy need to be stored?**

Renewable energy generation mainly relies on naturally-occurring factors – hydroelectric power is dependent on seasonal river flows, solar power on the amount of daylight, wind power on the consistency of the wind – meaning that the amounts being generated will be intermittent.

Similarly, the demand for energy isn’t constant either, as people generally tend to use different amounts of energy at different times of the day and the year.

**How would storing renewable energy help to reach net zero?**

Unlike fossil fuels, renewable energy creates clean power without producing greenhouse gases (GHGs) as a waste product. By storing and using renewable energy, the system as a whole can rely less on energy sourced from the more greenhouse-gas emitting fuels like coal, natural gas or oil.

**What are other benefits of storing renewable energy?**

A key benefit of being able to store this energy is that it helps to prevent renewable resources from going to waste.

There are times when the amount of electricity being generated by renewables can exceed the amount that’s needed at the time. When this happens, some renewable generators may need to curtail their outputs in order to help the system remain ‘balanced’ – i.e. when electricity supply meets demand – meaning that an opportunity to generate clean electricity has essentially gone to waste.

**What technologies are used for renewable energy storage?**

Energy storage technologies work by converting renewable energy to and from another form of energy.

These are some of the different technologies used to store electrical energy that’s produced from renewable sources:

**1. Pumped hydroelectricity energy storage**

Pumped hydroelectric energy storage, or pumped hydro, stores energy in the form of gravitational potential energy of water. When demand is low, surplus electricity from the grid is used to pump water up into an elevated reservoir. When demand increases, the water is released to flow down through turbines to a lower reservoir, producing hydroelectric power for the grid as it does so.

**2. Electrochemical battery energy storage**

Electrochemical batteries store energy by separating positive and negative charges in rechargeable cells. Different types of electrochemical battery storage technology include:

• Lithium-ion battery storage

Government and developers are investing substantially in the creation of huge lithium-ion batteries to store energy for times when supply outstrips demand. Lithium battery technologies are diverse to address custom needs for flexibility, modularity, and size, as well as being relatively inexpensive. However these batteries do degrade over time and present unique fire management challenges.

• Flow battery storage

Flow batteries’ cells consist of two charged liquids separated by a membrane. Surplus electrical energy is used to ‘reduce’ the liquid charge state of one and ‘oxidise’ that of the other to efficiently store energy. The process is then reversed to recover electricity with low loss.

This flowing reduction-oxidation operation – known as ‘redox flow’ – allows the batteries to store large amounts of energy for long durations and be cycled many times without degradation. However, they do have a relatively large project footprint.

**3. Thermal and Phase Transition energy storage**

While not limited to renewable energy, storing excess energy as heat for the longer term is a huge opportunity for industry, where most of the process heat that’s used in food and drink, textiles or pharmaceuticals comes from the burning of fossil fuels.

Liquifying rock or superheating sand and water mixtures can be used to store thermal energy. Thermal energy storage technologies include:



•Liquid-to-air transition energy storage

Surplus grid electricity is used to chill ambient air to the point that it liquifies. This ‘liquid air’ is then turned back into gas by exposing it to ambient air or using waste heat to harvest electricity from the system. The expanding gas can then be used to power turbines, creating electricity as needed.

• Thermal sand batteries

Finnish researchers have developed and installed the world’s first fully working ‘sand battery’, which can store power for months at a time. Using low-grade sand, the device is charged up with heat made from cheap electricity from solar or wind. The sand stores the heat at around 500°C, which can then warm homes in winter when energy is more expensive.

**4. Mechanical energy storage**

This type of energy storage converts the potential energy of highly compressed gases, elevated heavy masses or rapidly rotating kinetic equipment.

Different types of mechanical energy storage technology include:

• Compressed air energy storage

Compressed air energy storage has been around since the 1870s as an option to deliver energy to cities and industries on demand. The process involves using surplus electricity to compress air, which can then be decompressed and passed through a turbine to generate electricity when needed.

• Gravity storage

A ‘gravity battery’ works by using excess electrical energy from the grid to raise a mass, such as a block of concrete, generating gravitational potential energy. When electrical energy is required, the mass is lowered, converting this potential energy into power through an electric generator.

Pumped-storage hydroelectricity is a type of gravity storage, since the water is released from a higher elevation to produce energy.

• Flywheel energy storage

Flywheel energy storage devices turn surplus electrical energy into kinetic energy in the form of heavy high-velocity spinning wheels. To avoid energy losses, the wheels are kept in a frictionless vacuum by a magnetic field, allowing the spinning to be managed in a way that creates electricity when required.

• Pumped heat electrical storage

Pumped heat storage uses surplus electricity to power a heat pump that transports heat from a ‘cold store’ to a ‘hot store’ - similar to how a refrigerator works. The heat pump can then be switched to recover the energy, taking it from the hot store and placing it in the cold store. This produces mechanical work, which is used to power a generator.

**5. Hydrogen electrolysis**

Hydrogen electrolysis produces hydrogen gas by passing surplus electrical current through a chemical solution. This hydrogen gas is then compressed to be stored in underground tanks. When needed, this process can be reversed to produce electricity from the stored hydrogen.

Hydrogen can be physically stored as either a gas or liquid and even adhered directly to solids. As a gas, hydrogen storage requires high-pressure tanks, while liquid hydrogen requires storage at cryogenic temperatures to prevent it boiling back into a gas. Hydrogen may also be stored on the surface of solid materials (known as adsorption), or within them (known as absorption). **NG**

# ကာကွယ်ရေးဆိုတာထက်ပိုတဲ့ မိုင် ၂၀၀ ကျော်ရှည်သော ဂိုဘီတံတိုင်းကြီး

ဂိုဘီတံတိုင်းကြီးအကြောင်းကို ကျွန်တော်တို့ သိရှိထားတာ နည်းနည်းလေးပဲရှိပါတယ်။ ဒါကြောင့် သုတေသနပညာရှင်များက သုတေသနပြုလေ့လာမှုတွေကို ဆက်လက်လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဂိုဘီတံတိုင်းဆိုတာက အလယ်ခေတ်တံတိုင်းစနစ်ကြီးတစ်ခုပါ။ သူ့ကိုအလယ်အာရှ အင်ပါယာတစ်ခုရဲ့ခေတ်မှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အခု ဂိုဘီတံတိုင်းကိုလေ့လာမှုများလုပ်တဲ့အခါ အဲဒီအင်ပါယာခေတ်က စွမ်းဆောင်နိုင်အားကိုလည်း ဒီကနေ့ခေတ်ပညာရှင်များက သိရှိခွင့်ရလာတာပါ။ အထူးသဖြင့် သူတို့ရဲ့ဗိသုကာပညာရပ်မှာဖြစ်ပါတယ်။



အလယ်ခေတ်တံတိုင်းစနစ်ကြီးဆိုတာက အရှေ့အာရှဒေသမှာ အရှည်လျားဆုံးနဲ့ပဟေဠိအဆန်ဆုံးသော ဗိသုကာပညာရပ်ဆိုင်ရာထူးခြားမှုတွေထဲကတစ်ခုဖြစ်ပါတယ်။ အလယ်ခေတ်တံတိုင်းစနစ်ကြီးဆိုတာ တံတိုင်းတွေ၊ ကတုတ်ကျင်းတွေ၊ ဝင်းခြံတွေကိုဆက်သွယ်ထားတဲ့ ကွန်ရက်ကြီးတစ်ခုပါ။ အဲဒီကွန်ရက်ကြီးထဲမှာမှ ဂိုဘီတံတိုင်းဆိုတာ မိုင်ပေါင်း ၂၄၈၅ မိုင်ရှည်လျားတဲ့ တရုတ်၊ မွန်ဂိုလီးယား၊ ရုရှားတို့ကြား မွန်ဂိုလီးယားဒေသရဲ့ခြောက်သွေ့တဲ့တောင်ပေါ်ကန္တာရထဲမှာတည်ရှိပြီး မိုင် ၂၀၀ အရှည်ရှိ တံတိုင်းအစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်။

ဒ့ါအပြင် ၁၀ ရာစုနဲ့ ၁၃ ရာစုကြားမှာ အင်ပါယာအဆက်ဆက်ကတည်ဆောက်ခဲ့တဲ့ အမျိုးမျိုးသောတံတိုင်းတွေကို ရှေးဟောင်းသုတေသနပညာရှင်များစွာက သုတေသနများစွာလုပ်ဆောင်ခဲ့တဲ့အထဲမှာ ဂိုဘီတံတိုင်းဆိုတာ ထင်ရှားလှတဲ့ဗိသုကာလက်ရာတွေနဲ့ပြည့်နှက်နေတဲ့ တံတိုင်းတစ်ခုဖြစ်တယ်ဆိုတာကို ပညာရှင်များက တညီတညွတ်တည်းအတည်ပြုထားကြတာကိုလည်းတွေ့ရပါတယ်။ အခု ဂိုဘီတံတိုင်းကို သုတေသနပြုလေ့လာမှုတွေလုပ်ခဲ့တဲ့ ပညာရှင်များက ဂျေရုဆလင်ရှိ ဟီဘရူးတက္ကသိုလ်နဲ့ ယေးတက္ကသိုလ်တို့မှဖြစ်ပါတယ်။ သူတို့အနေနဲ့ အဓိကလေ့လာမှုတွေလုပ်ခဲ့တာက ဂိုဘီတံတိုင်းရဲ့ အစနေရာ၊ တံတိုင်းကိုဆောက်ခဲ့သူနဲ့ တံတိုင်းရဲ့ လုပ်ဆောင်ချက်တို့ဖြစ်ပါတယ်။

"မိမိတို့အနေနဲ့ ဒီသုတေသနကိုလုပ်ရတဲ့အဓိကရည်ရွယ်ချက်က တံတိုင်းတွေ၊ ခံတပ်တွေနဲ့ အဟန့်အတားတွေကိုတည်ဆောက်ရာမှာ ဘယ်လိုမျိုးနည်းပညာတွေကိုအသုံးပြုထားတယ်ဆိုတာရယ်၊ အသုံးပြုခဲ့တဲ့ကာလရယ်၊ သူတို့ရဲ့တည်ဆောက်မှုရည်ရွယ်ချက်တို့ကို ကောင်းစွာနားလည်စေဖို့ဖြစ်ပါတယ်"လို့ သုတေသီများကပြောထားပါတယ်။

ဒီတံတိုင်းကိုဦးစွာတည်ဆောက်ခဲ့တာက ရှီရှားမင်းဆက်မှာဖြစ်ပြီး ကျောက်တုံးတွေ၊ သစ်သားတွေနဲ့ မြေကြီးတွေကိုအသုံးပြုတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တံတိုင်းတည်ရှိရာနေရာက လူနေထိုင်ရာနေရာတွေနဲ့ အလှမ်းဝေးကွာတဲ့နေရာတစ်ခုဖြစ်တာကြောင့် တည်ဆောက်ရေးပစ္စည်းတွေကို အဲဒီနေရာအရောက်ပို့ဆောင်နိုင်တယ်ဆိုတာ သူတို့ခေတ်ရဲ့သယ်ယူပို့ဆောင်ရေးစနစ်ကောင်းမွန်မှုကို ထင်ဟပ်စေပါတယ်။

ဒ့ါအပြင် အဲဒီခေတ်ကနေထိုင်သူတွေဟာ ခြေဦးတည့်ရာလျှောက်သွားပြီး ဘယ်နေရာမှာမှအတည်တကျနေထိုင်ခြင်းမရှိဘူးလို့ ပြောဆိုထားမှုတွေရှိပေမယ့်လည်း ဂိုဘီတံတိုင်းကြီးကိုသုတေသနပြုမှုအရဆိုရင် အလယ်ခေတ်ကသူတွေဟာ အရင်ယူဆထားချက်တွေနဲ့အညီမဟုတ်ဘဲ နေရာတစ်ခုမှာအတည်တကျနေတဲ့အပြင် နယ်မြေတစ်ခုကိုလည်း ခိုင်ခိုင်မာမာပိုင်ဆိုင်ပြီး ကာကွယ်ထားနိုင်စွမ်းရှိတယ်ဆိုတာကိုပါမြင်တွေ့ရပါတယ်။ ဒါကြောင့် ဂိုဘီတံတိုင်းကြီးကို တည်ဆောက်ထားခြင်းရဲ့ရည်ရွယ်ချက်က နယ်နိမိတ်ကိုပိုင်းခြားသတ်မှတ်ခြင်း၊ လူဦးရေနဲ့သယံဇာတကိုထိန်းချုပ်ခြင်းနဲ့ ပိုင်နက်နယ်မြေကိုခိုင်မာစွာထိန်းချုပ်ခြင်းတို့အတွက် ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

Ref: IE

ကိုထက်

# အပူချိန်ကလက်ရှိအတိုင်းဆိုရင် ပျောက်ပျက်သွားနိုင်တဲ့ ရေခဲတောင်ကြီးများ

ရေခဲတောင်ကြီးများဆိုတာ အခုနောက်ပိုင်းမှာ မကြာခဏပြိုကျလာနေရတဲ့တောင်ကြီးများထဲမှတစ်ခုဖြစ်လာပါတယ်။ ရေခဲကိုအရည်ပျော်စေတာက အပူချိန်လို့ဆိုနိုင်သလိုမျိုးပဲ ရေခဲတောင်ကြီးများကို အရည်ပျော်ပြီးပြိုကျလာစေတာကလည်း ကမ္ဘာ့အပူချိန်ကြောင့်ပါပဲ။ တစ်နည်းပြောရရင် ကမ္ဘာ့အပူချိန်မြင့်တက်လာနေတာကြောင့် ရေခဲတောင်ကြီးများပြိုကျလာရခြင်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကမှ ဆွစ်ဇာလန်နိုင်ငံမှာရေခဲတောင်တစ်တောင်ပြိုကျရာ တောင်ခြေမှာရှိတဲ့ကျေးရွာတစ်ခုလုံး ဖုံးလွှမ်းခံလိုက်ရတယ်ဆိုတဲ့ သတင်းကိုကြားလိုက်ရပါတယ်။ ဒီအခြေအနေမျိုးဟာ ကမ္ဘာကြီးပူနွေးလာမှုရဲ့ ရှေ့ပြေးလက္ခဏာတွေဖြစ်သလိုရှေ့လျှောက်လည်းဒီထက်ပိုဆိုးတဲ့အခြေအနေတွေနဲ့ရင်ဆိုင်လာရနိုင်တယ်လို့ သိပ္ပံပညာရှင်များကသတိပေးထားပါတယ်။

ရေခဲတောင်တွေအရည်ပျော်ပြိုကျလာတာနဲ့အမျှ သူတို့ရဲ့အောက်ခြေမှာ ရေကန်ကြီးတွေဖြစ်ပေါ်လာရပါတယ်။ ဒ့ါအပြင် တစ်ခါတစ်ရံမှာဆိုးဝါးလှတဲ့အကျိုးဆက်တွေကိုလည်း ရင်ဆိုင်လာရပါတယ်။ အလက်စကာပြည်နယ်မှာဆိုရင် အရည်ပျော်သွားတဲ့ရေခဲတောင်မှထွက်ပေါ်လာတဲ့ရေများကြောင့် ရေကြီးမှုဖြစ်ပွားပြီး အဲဒီရေကြီးမှုက ဂျူးနိုမြို့အထိရောက်ရှိလာပါတယ်။ ၂၀၂၂ ခုနှစ်တုန်းကလည်း အီတလီနိုင်ငံရှိ မာမိုလာဒါရေခဲတောင်ကြီးပြိုကျခဲ့တဲ့အတွက် ရေခဲတောင်တက်သမား ၁၁ ဦးအသက်ဆုံးရှုံးခဲ့ရတာတွေ့ရပါတယ်။

ရေခဲတောင်ကျွမ်းကျင်ပညာရှင်များရဲ့ပြောဆိုမှုအရဆိုရင် ၂၀၁၆ ခုနှစ်တုန်းက တိဗက်ဒေသရှိ အာရူရေခဲတောင်ပြိုကျသလိုမျိုး ရုတ်တရက်ဆိုသလို ရေခဲတောင်တွေပြိုကျမှုဟာ ဖြစ်မြဲဖြစ်လာနေတဲ့ဖြစ်စဉ်တစ်ခုဖြစ်နေပြီလို့သိရပါတယ်။ နောက်ထပ်လအနည်းငယ်မျှအကြာမှာတော့ တိဗက်ဒေသရဲ့အာရူရေခဲတောင်မှာပဲ ရေခဲတောင်ပြိုကျမှုထပ်မံဖြစ်ပွားခဲ့တာကိုတွေ့ရှိလိုက်ရပါတယ်။

၂၀၀၆ ခုနှစ်တုန်းကဆိုရင်လည်း ပီရူးနိုင်ငံမှာ ရေခဲတောင်တစ်ခုပြိုကျမှုဟာ ဆူနာမီအသေးစားလေးဖြစ်ပွားရတဲ့အထိဖြစ်ခဲ့ပါတယ်။ အဲဒီနှစ်ဧပြီလမှာပဲ ရေခဲတောင်တစ်ခုရဲ့အောက်ခြေမှာရှိတဲ့ရေကန်မှာ ရေကြီးမှုကြောင့် မြေပြိုမှုဖြစ်ပွားတဲ့အတွက် လူနှစ်ဦးသေဆုံးခဲ့ရပါသေးတယ်။

အခုနောက်ပိုင်းမှာတော့ ဒီလိုမျိုးရေခဲတောင်တွေ မကြာခဏဆိုသလိုပြိုကျလာမှုများက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူထောင်ပေါင်းများစွာရဲ့အသက်အိုးအိမ်စည်းစိမ်များကို ကောင်းကောင်းကြီးခြိမ်းခြောက်နိုင်စွမ်းရှိတဲ့ အန္တရာယ်သတိပေးချက်ကြီးတစ်ခုဖြစ်လာနေပြီလို့ သိပ္ပံပညာရှင်များကအကြိမ်ကြိမ်သတိပေးလာကြတာကိုတွေ့ရပါတယ်။

အထူးသဖြင့် လူသားတွေကြောင့်ဖြစ်ပေါ်လာတဲ့ဖန်လုံအိမ်ဓာတ်ငွေ့တွေကြောင့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ရေခဲတောင်များအရည်ပျော်ကျမှုဟာ အလွန်မြန်ဆန်စွာဖြစ်ပေါ်လာနေတာပါ။ အပ်(စ်)တောင်တန်းတစ်ခုတည်းမှာကိုပဲ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းကနေ အခုချိန်အထိကို ရေခဲတောင်ထက်ဝက်လောက်အရည်ပျော်သွားတာတွေ့ရပါတယ်။ လက်ရှိအပူချိန်မြင့်တက်မှုက ဒီနှုန်းအတိုင်းဆက်သွားနေမယ်ဆိုရင် အခုရာစုနှစ်အကုန်ပိုင်းမှာ အပ်(စ်)တောင်တန်းမှာရှိတဲ့ရေခဲတွေအားလုံးအရည်ပျော်ပျောက်ဆုံးသွားနိုင်တယ်လို့ သိပ္ပံပညာရှင်များကပြောထားပါတယ်။



မကြာသေးခင်က ရေခဲတောင်ပြိုကျမှုဖြစ်ပွားတဲ့ ဆွစ်ဇာလန်နိုင်ငံဆိုတာ ဥရောပဒေသမှာရှိတဲ့ရေခဲတောင်များအနက် ရေခဲတောင်အများဆုံးရှိရာဒေသတစ်ခုဖြစ်ပါတယ်။ ဆွစ်ဇာလန်မှာ ၂၀၂၂ ခုနှစ်တုန်းက ရေခဲအရည်ပျော်မှု ၆ ရာခိုင်နှုန်းရှိပြီး နောက်ပိုင်းမှာလည်း ရေခဲတွေအရည်ပျော်မှုက ဆက်လက်ဖြစ်ပွားနေဆဲပါ။ ပီရူးနိုင်ငံမှာ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း ရေခဲတောင်စုစုပေါင်း ၁၇၅ လုံးအထိပြိုကျသွားတာကိုလည်းတွေ့ရှိရပါတယ်။ ဒီလိုမျိုးရေခဲတွေအရည်ပျော်ကျမှုက ကမ္ဘာ့အပူချိန်မြင့်တက်လာလို့ဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ။

လက်ရှိသိပ္ပံပညာရှင်များရဲ့ခန့်မှန်းချက်အရပြောရမယ်ဆိုရင် ကမ္ဘာ့အပူချိန်ဟာ လက်ရှိအခြေအနေအတိုင်းပဲဆက်ရှိနေမယ်ဆိုပါက ကမ္ဘာကြီးရဲ့ပင်မရေအရင်းအမြစ်များဖြစ်တဲ့ ရေခဲတောင် ၄၀ ရာခိုင်နှုန်းဟာ ကမ္ဘာကြီးပေါ်ကနေပျောက်ကွယ်သွားနိုင်တယ်လို့ဆိုပါတယ်။

အကယ်၍များ ကမ္ဘာ့အပူချိန်ကို ၂၀၁၅ ခုနှစ် ပဲရစ်ရာသီဥတုသဘောတူညီချက်အတိုင်း ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် ရှိနေအောင်လုပ်ဆောင်နိုင်မယ်ဆိုရင် ရေခဲတောင်တွေရဲ့အရည်ပျော်ကျမှုနှုန်းကို နှစ်ဆပိုမိုထိန်းသိမ်းနိုင်လိမ့်မယ်လို့ ပညာရှင်များရဲ့လေ့လာချက်မှာဖော်ပြထားပါတယ်။

ရေခဲတောင်တွေဆိုတာက ကမ္ဘာကြီးရဲ့ရာသီဥတုကိုတစ်ဖက်တစ်လမ်းကနေထိန်းသိမ်းစောင့်ရှောက်ပေးနေသူများဖြစ်ရုံသာမက လူသားတို့အတွက်မရှိမဖြစ်အရေးကြီးတဲ့ ရေချိုအရင်းအမြစ်ကိုပေးစွမ်းနေသူလည်းဖြစ်ပါတယ်။ အကယ်၍ ရေခဲတောင်များရဲ့အရည်ပျော်ကျမှုနှုန်းက အခုထက်ပိုများလာမယ်ဆိုရင် ကမ္ဘာ့အနိမ့်ပိုင်းဒေသတွေမှာ ရေကြီးမှုများစွာဖြစ်ပေါ်လာမှာ မလွဲကေန်ပင်ဖြစ်ပါတယ်။

Ref: IE

ကိုထက်

# အမေရိကန်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးသဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ဟု တရုတ်ပြော

**ပေကျင်း၊ ကုန်သွယ်ရေး**

အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ရရှိသော ကုန်သွယ်ရေးသဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂ ရက်တွင်ပြောသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ကတိပြုထားသည်။ တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံကြားကုန်သွယ်ရေးသဘောတူညီချက်များကိုချိုးဖောက်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောပြီးနောက် တရုတ်အစိုးရဘက်က ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အဆိုပါနှစ်နိုင်ငံမှ ကုန်သွယ်ရေးတာဝန်ရှိသူများက ဂျီနီဗာမြို့၌တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် မေလ ၁၂ ရက်တွင်ကြေညာလိုက်သော သဘောတူညီချက်အရ ဧပြီလအစောပိုင်းတွင်ချမှတ်လိုက်သည့် သွင်းကုန်အခွန်တိုးမြှင့်မှုများကိုဆိုင်းငံ့ရန် နှစ်နိုင်ငံစလုံးကသဘောတူထားသည်။

တရုတ်နိုင်ငံကဖော်ပြထားသည့် အမေရိကန်အစိုးရကချိုးဖောက်သော သဘောတူညီချက်များတွင် ဟွာဝေကုမ္ပဏီ၏ချစ်ပြားများအသုံးပြုမှုကိစ္စ၊ တရုတ်ကုမ္ပဏီများသို့ချစ်ပြားဒီဇိုင်းဆော့ဝဲများရောင်းချမှုဆိုင်းငံ့ခြင်းနှင့် တရုတ်ကျောင်းသားများကို ဗီဇာများပယ်ဖျက်ခြင်းတို့ပါဝင်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စွပ်စွဲထားသည့် တရုတ်နိုင်ငံကကုန်သွယ်ရေးသဘောတူညီချက်ကိုချိုးဖောက်သည်ဟူသောပြောဆိုချက်တွင်မူ တရုတ်နိုင်ငံအနေဖြင့် မည်သည့်အချက်များကိုချိုးဖောက်သည်ဟူ၍ အသေးစိတ်ဖော်ပြထားခြင်းမရှိဘဲ တရုတ်နိုင်ငံကို စီးပွားရေးအရအန္တရာယ်ကြီးဖြစ်သည်ဟုသာ ပြောထားကြောင်းသိရသည်။ **Ref: RT**



# ရုရှားနှင့်ယူကရိန်းတို့ အစ္စတန်ဘူလ်၌ ဆွေးနွေးပွဲထပ်မံပြုလုပ်

**အစ္စတန်ဘူ၊ ဆက်ဆံရေး**




ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှကိုယ်စားလှယ်အဖွဲ့များသည် တူရကီယဲနိုင်ငံအစ္စတန်ဘူမြို့၌ ဇွန်လ ၂ ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထပ်မံပြုလုပ်ကြောင်းသိရသည်။ ထိုဆွေးနွေးမှုသည် လက်ရှိနှစ်နိုင်ငံကြားဖြစ်ပွားလျက်ရှိသော ပဋိပက္ခအဆုံးသတ်စေရေးကိုရည်ရွယ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ယခုဆွေးနွေးပွဲတွင် ရုရှားကယူကရိန်းသို့ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကိုပေးအပ်လိုက်သည်။ ထို့ပြင် ရုရှားအစိုးရက ကျဆုံးသွားသည့်ယူကရိန်းစစ်သည် ၆၀၀၀ ၏ရုပ်အလောင်းများကိုလာမည့်သီတင်းပတ်တွင်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ အကျဉ်းသားအယောက် ၁၀၀၀ စီထပ်မံလွှဲပြောင်းမည်ဖြစ်ကြောင်း၊ ဒဏ်ရာရစစ်သည်အားလုံးကိုလည်း အပြန်အလှန်လဲလှယ်မည်ဖြစ်ကြောင်းသဘောတူညီချက်ရရှိသည်။

ပြီးခဲ့သည့်မေလ ၁၆ ရက်ဆွေးနွေးပွဲ၌နှစ်နိုင်ငံကြား အကျဉ်းသားအယောက် ၁၀၀၀ စီကိုလွှဲပြောင်းရန်သဘောတူခဲ့ကာ ထိုသဘောတူညီချက်ကိုအကောင်အထည်ဖော်ပြီးဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

# အမေရိကန်၏ ပိတ်ဆို့မှုများဖယ်ရှားပေးမည့်အာမခံချက် အီရန်တောင်းဆို

**တီဟီရန်၊ နိုင်ငံရေး**

အီရန်နိုင်ငံသည် နျူကလီးယားသဘောတူညီချက်အတွက် အမေရိကန်၏ပိတ်ဆို့မှုများဖယ်ရှားပေးမည်ဟူသော အာမခံချက်ကို ဇွန်လ ၂ ရက်တွင်တောင်းဆိုလိုက်ကြောင်းသိရသည်။ အမေရိကန်ကပေးပို့လိုက်သည့် နျူကလီးယားသဘောတူညီချက်အတွက်အဆိုပြုလွှာသည် လက်ခံနိုင်ဖွယ်ရှိကြောင်း အီရန်ကပြောပြီးနောက် ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ဧပြီလမှစ၍ နျူကလီးယားသဘောတူညီချက်အတွက် ဆွေးနွေးမှုကိုငါးကြိမ်လုပ်ဆောင်ထားပြီးဖြစ်ကာ ထိုသဘောတူညီချက်အတွက် လိုအပ်ချက်များရရှိထားပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ အီရန်အနေဖြင့် ယူရေနီယံများကို တိုးမြှင့်ထုတ်လုပ်နေသည်ဟု ကုလသမဂ္ဂအေဂျင်စီကထုတ်ပြန်ပြီးနောက် အီရန်က ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်သည်။ **Ref: AGC**

## သတင်းတိုကဏ္ဍ

### အင်ဒိုနီးရှားက ကိုဗစ်-၁၉ ရောဂါအတွက် သတိပေးချက်ထုတ်ပြန်

အာရှဒေသ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုပြန်လည်မြင့်တက်လာနေစဉ် အင်ဒိုနီးရှားအစိုးရက အဆိုပါရောဂါအတွက်သတိပေးချက်ထုတ်ပြန်လိုက်သည်။

ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဟောင်ကောင်တို့အပါအဝင် ဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာကြောင်း၊ ထိုင်းနိုင်ငံတွင် XEC နှင့် JN.1 မျိုးကွဲ၊ စင်ကာပူတွင် LF.7 နှင့် NB.1.8 မျိုးကွဲ၊ ဟောင်ကောင်တွင် JN.1 မျိုးကွဲနှင့် မလေးရှားတွင် XEC မျိုးကွဲတို့ကူးစက်ပျံ့နှံ့နေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရောဂါပိုးကူးစက်ပျံ့နှံ့မှုများမြင့်တက်လာနေသော်လည်း သေဆုံးနှုန်းမှာအလွန်နည်းပါးကြောင်း၊ သို့သော် ကျန်းမာရေးဌာနများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကို ကောင်းစွာထိန်းချုပ်နိုင်ရန် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် လူထူထပ်သောနေရာများတွင်နှာခေါင်းစည်းတပ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **Ref: SCMP**

### ဦးနှောက်နှင့်ကွန်ပျူတာချိတ်ဆက်မည့် ချစ်ပြားကို Paradromics က လူသားဖြင့်စမ်းသပ်

အီလွန်မတ်၏ Neuralink ကုမ္ပဏီနှင့် ယှဉ်ပြိုင်လာသည့် Paradromics ကုမ္ပဏီက ဦးနှောက်နှင့်ကွန်ပျူတာချိတ်ဆက်ပေးမည့်ချစ်ပြားကို လူသားဖြင့်ပထမဆုံးအကြိမ်စမ်းသပ်မှုလုပ်ဆောင်လိုက်ပြီဖြစ်ကြောင်း ဇွန်လ ၂ ရက်တွင်ထုတ်ပြန်ထားသည်။

ယင်းစမ်းသပ်မှုကို မီချီဂန်တက္ကသိုလ်၌မေလ ၁၄ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ စမ်းသပ်မှုကိုခံယူသူအမျိုးသားသည် ဝက်ရူးပြန်ရောဂါဖြင့်အာရုံကြောရောဂါကုသမှုခံယူနေသူဖြစ်ကြောင်းနှင့် ချစ်ပြားကိုထိုအမျိုးသား၏ဦးနှောက်ထဲသို့ထည့်ပြီး မိနစ် ၂၀ အကြာ၌ ပြန်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုနည်းပညာကို လူနာ၏ဦးနှောက်အတွင်း ဘေးကင်းစွာတပ်ဆင်နိုင်သည့်အပြင် အာရုံကြောလှုပ်ရှားမှုကိုမှတ်တမ်းတင်နိုင်ကြောင်း သက်သေပြနိုင်သည်ဟု ကုမ္ပဏီကပြောသည်။ နောက်တစ်ဆင့်တွင်မူ လူအများအပြားဖြင့်လက်တွေ့စမ်းသပ်မှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: CNBC**

### ယူကရိန်းက ဒရုန်းများကို သစ်သားအမိုးများထဲဝှက်ပြီး ရုရှား၏ဗုံးကြဲလေယာဉ်များကိုတိုက်ခိုက်ခြင်းဖြစ်

ယူကရိန်းက ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်ထားသောဒရုန်းများကို သစ်သားအမိုးများထဲတွင်ဝှက်ပြီး ဇွန်လ ၁ ရက်တွင် ရုရှား၏ဗုံးကြဲလေယာဉ်များကိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းနိုင်ငံ၏ထောက်လှမ်းရေးအဖွဲ့ကပြောသည်။

ယူကရိန်းထောက်လှမ်းရေးအဖွဲ့က "ပင့်ကူအိမ်"ဟု အမည်ပေးထားသည့်စစ်ဆင်ရေးကိုဆင်နွှဲခဲ့ကြောင်း၊ ထိုစစ်ဆင်ရေးတွင် ရုရှား၏လေတပ်စခန်းများအနီး၌ သစ်သားအမိုးများတပ်ထားသည့်ထရပ်ကားများကိုရပ်ထားကြောင်း၊ အမိုးကိုအဝေးထိန်းစနစ်ဖြင့်ဖွင့်ပြီးနောက် ဒရုန်းများကတိုက်ခိုက်ရေးတာဝန်များကိုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုကို ရုရှားနိုင်ငံရှိဒေသငါးခုတွင်လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ဒရုန်းအများအပြားကိုပစ်ချလိုက်နိုင်သော်လည်း ပျက်စီးမှုအနည်းငယ်ရှိကြောင်းရုရှားဘက်ကထုတ်ပြန်ထားစဉ် ယင်းတိုက်ခိုက်မှုကြောင့် ရုရှား၏မဟာဗျူဟာမြောက်ဒုံးကျည်တင်လေယာဉ်၃၄ ရာခိုင်နှုန်းပျက်စီးသွားကြောင်း ယူကရိန်းဘက်ကထုတ်ပြန်ထားသည်။ **Ref: RTA, Sputnik**


### ဗြိတိန်က နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောရေယာဉ်စုကို တိုးချဲ့သွားမည်

ဗြိတိန်နိုင်ငံသည် နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောရေယာဉ်စုကို တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့ရခြင်းသည် ကာကွယ်ရေးဆိုင်ရာသုံးသပ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံအနေဖြင့်ခေတ်သစ်စစ်ပွဲကိုဆင်နွှဲနိုင်ရေးအတွက် အသင့်ပြင်ဆင်ခြင်းဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ကီယာစတားမာကပြောသည်။

ဥရောပတိုက်အနေဖြင့် ကိုယ့်လုံခြုံရေးအတွက်ကိုယ်တိုင် တာဝန်ပိုယူရန်လိုအပ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောပြီးနောက် ဗြိတိန်အစိုးရအနေဖြင့် ဥရောပဒေသရှိ အခြားနိုင်ငံများမှအစိုးရများကဲ့သို့ပင် ၎င်းတို့၏ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ ယခုထုတ်ပြန်သည့် မဟာဗျူဟာမြောက်ကာကွယ်ရေးဆိုင်ရာသုံးသပ်ချက်တွင် ဗြိတိန်တပ်မတော်အနေဖြင့် တိုက်ပွဲဝင်အသင့်ရှိစေရေးဆောင်ရွက်သွားရန်တိုက်တွန်းချက်ပါဝင်ကြောင်းသိရသည်။ **Ref: RTA**

# ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ဂန့်ဂါရပ်ကွက်တွင် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြုလုပ်ရန် အစည်းအဝေးကျင်းပနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက်ပစ်ခတ်

ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများမှလာရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။




နေပြည်တော် ဇွန် ၂

NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ အစိုးရဝန်ထမ်းများ၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အပြစ်မဲ့အရပ်သားပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိသည်။

ထိုသို့ကျူးလွန်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်အပါအဝင် ရပ်မိရပ်ဖများသည် မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြုလုပ်ရန် အစည်းအဝေးပြုလုပ်နေစဉ် ဇွန်လ ၁ ရက်နေ့ညနေပိုင်းက PDF အမည်ခံအကြမ်းဖက်သမား ၁၅ ဦးခန့်သည် လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့သဖြင့် ဦးမြင့်ဇော်အပါအဝင် ရပ်မိရပ်ဖ ၇ ဦးသေဆုံးခဲ့ပြီး ၆ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ အဆိုပါ သေဆုံး၊ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများမှ ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိ











ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ဂန့်ဂါရပ်ကွက်ရှိ ဓမ္မာရုံ၌ အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သူများ၏မှတ်တမ်းဓာတ်ပုံ။

ရသည်။

ထိုသို့ ဘာသာ သာသနာရေးအတွက်ဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် အပြစ်မဲ့ရပ်မိရပ်ဖများအား လူသားမဆန်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးအရေးယူဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ကျေးရွာမှ အလယ်တန်းပြဆရာမ ၁ ဦးနှင့် ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဝက်ချုပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဝက်ချုပ်)မှ အလယ်တန်းပြဆရာမ ဒေါ်သန်းညွန့်နှင့်ခင်ပွန်းဖြစ်သူတို့အား PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။




နေပြည်တော် ဇွန် ၂

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့်ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ်၊ ဝက်ချုပ်ကျေးရွာရှိဝက်ချုပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာမဖြစ်သူ ဒေါ်သန်းညွန့် အသက် ၆၁ နှစ်နှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းခင် အသက် ၅၉ နှစ်တို့သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိလာပြီး ဆရာမ ဒေါ်သန်းညွန့်အား သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant– DCS) ပြုလုပ်ရန်နှင့် ကျောင်းအပ်လက်ခံခြင်းအား ဆက်လက်မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုရာ ဆရာမ ဒေါ်သန်းညွန့်က ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်အရေးအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ကျေပွန်လို၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ထောက်ခံအားပေးမှုမရှိသည့်အတွက် ၎င်းတို့ ၂ ဦးအား အဆိုပါကျေးရွာ၏ အနောက်ဘက် ၂ မိုင်ခန့်အကွာသို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ လူသားမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ပညာရေးဝန်ထမ်းများအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်ထိ အကြမ်းဖက်ကျူးလွန်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့်ပညာရေးဝန်ထမ်း သေဆုံးသူ ၇၉ ဦး၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ၊ ဆရာမများအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများ၊ အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများအား ပြည်သူလူထုအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော တုံ့ပြန်မှုများဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၁၀၀)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၅၉၀၀ ကျော်စိုက်ပျိုးမည်



ပွင့်ဖြူ ဇွန် ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ဧက ၅၉၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကာ လက်ရှိတွင် လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲစင်းငုံ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သီးနှံအရည်အသွေးနဲ့ အထွက်နှုန်း ကောင်းမွန်စေဖို့အပြင် ပိုးမွှားရောဂါ ကင်းရှင်းစေဖို့ကိုလည်း အလေးထား ဆောင်ရွက်ပေးသွားမှာပါ။ ဒီဒေသမှာ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေရရှိအောင် သီးထပ်၊ သီးညှပ်လည်း စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ဘုရားတောင်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၍ ဆုတ်ခွာထွက်ပြေး

နေပြည်တော် ဇွန် ၂


အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသည့်နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် ယနေ့ညနေပိုင်းတွင် ဘုရားတောင်ကျေးရွာအနီးသို့အရောက်၌ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ခုခံနိုင်ခြင်းမရှိတော့သည့်အတွက် အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့လွတ်လပ်စွာ ဆုတ်ခွာထွက်ပြေးနိုင်ရန် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ ကျေးရွာ၏တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ဆုတ်ခွာရာနောက်သို့ ထက်ကြပ်လိုက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။




အကြမ်းဖက်သမားများ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့၍ ဆုတ်ခွာ ထွက်ပြေးသည့် မှတ်တမ်းဓာတ်ပုံ။

ညောင်ရွှေမြို့နယ်၊ ဘုရားတောင်ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။







အကြမ်းဖက်သမားများဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား တွေ့မြင်ရစဉ်။

အထက်ပါဖြစ်စဉ်မှ ကျေးရွာနေ အပြစ်မဲ့ပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအားဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အားကစားကွင်းအား ပြိုင်ပွဲကွင်းအဆင့်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြား

တောင်ကြီး ဇွန် ၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများအနက် အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားဖူဆယ်ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့နှင့်အတူ လက်ခံကျင်းပမည့် အားကစားကွင်း/အားကစားရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲများကျင်းပမည့် ပြည်နယ်အားကစားကွင်းအားကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဖြစ်သည်နှင့်အညီ အားကစားကွင်းအား ပြိုင်ပွဲကွင်းအဆင့်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပြိုင်ပွဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်၊ အားကစားကွင်းစိမ်းလန်းစိုပြည်ရေး ဆက်လက်ထိန်းသိမ်းထားရှိရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသား/အမျိုးသမီး ဘော်လီဘောအားကစားပြိုင်ပွဲများနှင့် အမျိုးသားဖူဆယ်ပြိုင်ပွဲကျင်းပမည့် ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၊ အရန်




လေ့ကျင့်ရေးကွင်းများ၊ အားကစားသမားများတည်းခိုဆောင်၊ အားကစားသမားစားရိပ်သာ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပြိုင်ပွဲကြီးကြပ်မည့် ဒိုင်အဖွဲ့များထားရှိသည့် တည်းခိုဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တောင်ကြီးမြို့ မြို့တော်ခန်းမတွင်ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲဝင်အသင်းများကို လက်ဖက်ရည်ဝိုင်းဖြင့်ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနားသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်း၊ စံနှုန်းများအား ကျင့်သုံးပြီး နိုင်ငံတော်က အားထားရသည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများဖြစ်စေရေး ပြိုင်ပွဲမှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်သွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တာဝန်ဟူသမျှကို ထက်မြက်သောစွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ရန် ကြိုးစားသင်ယူ




ရန်ကုန် ဇွန် ၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ တာဝန်ရှိသူများ၊ သင်ကြားရေးဌာနများမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်က ခေတ်နှင့်အညီပြောင်းလဲလာသည့် စီမံခန့်ခွဲရေးဆိုင်ရာအယူအဆနှင့်အတွေ့အကြုံများကိုလေ့လာသိရှိပြီး နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင်ထမ်းဆောင်ကြစေရန်ဖြစ်ကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို တတ်သိနားလည်ကာ **“စွမ်းရည်ထက်မြက်သော လူကောင်းလူတော်”**များဖြစ်လာစေရန်အတွက် မိမိတို့၏ အတွေးအခေါ်နှင့်ခံယူချက်များကို လိုက်လျောညီထွေရှိအောင် ပြုပြင်ပြောင်းလဲကြရန်လိုအပ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရမည့်တာဝန်ဟူသမျှကို မိမိတို့၏ထက်မြက်သော စွမ်းဆောင်ရည်များဖြင့်ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်သင်ယူမှုများကို စိတ်ဓာတ်မြင့်မားစွာ ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)ကို သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၉ ဦး စုစုပေါင်း ၉၃ ဦးဖြင့် ဇွန်လ ၂ ရက်မှ အောက်တိုဘာလ ၂၂ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၁ ဦး၊ သင်တန်းသူ ၁၆၃ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ကြောင်းနှင့်သင်တန်းကာလမှာ ဇွန်လ ၂ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။





မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

– မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းဩဇာ၊ ကာတွန်းမောင်တင်ယုနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
– ကဗျာဆရာ မောင်မင်းသိမ်း(သရက်)၊ မောင်ငြိမ်းချမ်း၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ရွှေမြိုင်သူ(မြန်မာစာ)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
– သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၃-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၂၀)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆






**အမည်မှန်**

နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းဇော်၏သမီး မထွေးစုခိုင်သိန်း၏ အမည်မှန်မှာ မထွေးစု ၈/မသန(နိုင်)၁၈၃၃၅၁ ဖြစ်ပါကြောင်း။ မထွေးစု

**ပျောက်ဆုံးကြောင်း**

ကြည်ဟန်(ဘ)ဦးရွှေရန်(ခ)ပေါ်ဝွန်ဟုန် ၁၂/လမန(နိုင်)၁၁၃၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၈၄၀၉၂၀

**ပျောက်ဆုံးကြောင်း**

ထက်မြတ်စိုး(ဘ)ဦးစိုးမြင့် ၁၃/လခန(နိုင်)၀၃၀၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၅၅၅၆၁၁

# အယ်ဟီလယ်အသင်းက စံချိန်တင်လုပ်ခလစာဖြင့် ခန့်အပ်ရန်ကမ်းလှမ်းမှုကို နည်းပြဇီဒန်းပယ်ချခဲ့

ရီယက် ဇွန် ၂

ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဇီဒန်းကို စံချိန်တင်လုပ်ခလစာဖြစ်သည့် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၁၀၀ ဖြင့် ကမ်းလှမ်းသော်လည်း ဇီဒန်းကိုယ်တိုင်က ပယ်ချခဲ့ကြောင်း သိရသည်။

အယ်ဟီလယ်အသင်းသည် ယခုဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲနှင့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင် အောင်မြင်မှုမရရှိခဲ့သောကြောင့် နည်းပြဂျီးဆပ်နှင့် မေလကလမ်းခွဲပြီးနောက် နည်းပြနေရာလစ်လပ်နေခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းက လာမည့်ဘောလုံးရာသီတွင် အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန် ကြိုးပမ်းနေပြီး မန်ယူအသင်းမှ ဖာနန်ဒက်စ်အပါအဝင် ဥရောပမှ ထိပ်တန်းကစားသမားများကို မြင့်မားသည့်လုပ်ခလစာများဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ နည်းပြရာထူးအတွက်လည်း နည်းပြဇီဒန်းကို ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံရခြင်းဖြစ်သည်။

နည်းပြဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ချန်ပီယံလိဂ်ဆုဖလား သုံးကြိမ်နှင့်တခြားဆုဖလားများ ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးကတည်းက ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြင်သစ်အသင်းကို ကိုင်တွယ်လိုသည့်အတွက် အယ်ဟီလယ်အသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး ပြင်သစ်အသင်းနည်းပြရာထူးကို စောင့်ဆိုင်းနေကြောင်း သိရသည်။

*Ref;Fotmob*



# အေစီမီလန်နှင့်အင်တာမီလန်အသင်းတို့က အိမ်ကွင်း ဆန်စီရိုအားကစားကွင်းကို အဆင့်မြှင့်တင်မှုလုပ်ဆောင်ရန် မီလန်မြို့တော်မြူနီစပယ်ထံမှ ခွင့်ပြုချက်ရရှိ

မီလန် ဇွန် ၂

မီလန်ဒါဘီအသင်းနှစ်သင်းဖြစ်သည့် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ အိမ်ကွင်းအဖြစ်အသုံးပြုနေသည့် ဆန်စီရိုအားကစားကွင်းကို အဆင့်မြှင့်တင်မှုလုပ်ဆောင်ရန် မီလန်မြို့တော်မြူနီစပယ်ထံမှ ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့သည် ဆန်စီရိုအားကစားကွင်းကို အဆင့်မြှင့်တင်မှုများလုပ်ဆောင်ရန် အသင်းအိမ်ကွင်းကို ဖြိုချပြီး အသစ်တည်ဆောက်ရန်အတွက် ကြိုးပမ်းနေသော်လည်း မီလန်မြို့တော်မြူနီစပယ်က တားမြစ်ခဲ့သည့်အတွက် အဆင့်မြှင့်တင်မှုလုပ်ဆောင်နိုင်ခြင်း မရှိဘဲကြန့်ကြာနေပြီး ယခုအခါ မီလန်မြို့တော်မြူနီစပယ်က ခွင့်ပြုပေးခဲ့သည့်အတွက် မကြာမီ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်စီရိုအားကစားကွင်းကို အဆင့်မြှင့်တင်မှုလုပ်ဆောင်ရန်ဖြိုချသွားမည်ဖြစ်သော်လည်း ကွင်း၏ အလယ်ပိုင်းပွဲကြည့်စင်ကို ဖြိုခွင့်ရရှိမည်မဟုတ်ဘဲ မူလအတိုင်းထားရမည်ဖြစ်ကာ ကျန်ပွဲကြည့်စင်များကိုသာဖြိုချပြီး အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

ဆန်စီရိုအားကစားကွင်းသည် မီလန်မြို့တော်မြူနီစပယ်ကပိုင်ဆိုင်သည့် အားကစားကွင်းဖြစ်ပြီး အားကစားကွင်းကို ၁၉၂၅ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ၁၉၂၆ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး နှစ်ပေါင်း ၁၀၀ သက်တမ်းရှိ အားကစားကွင်းကြီးဖြစ်ပြီး မီလန်မြို့တော်၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ရပ်တည်နေသည်။

အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့က မကြာမီ စတာလင်ပေါင် ၆၅ သန်း အကုန်အကျခံပြီး အားကစားကွင်းကြီးကို အဆင့်မြှင့်တင်မှုများလုပ်ဆောင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*Ref;Football Italia*

# ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆု လူငယ်အကောင်းဆုံးကစားသမားဆုနှင့် နေရာလိုက်အကောင်းဆုံးကစားသမားဆုများကိုထုတ်ပြန်



နီယွန် ဇွန် ၂

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏အကောင်းဆုံးကစားသမားဆု၊ လူငယ်အကောင်းဆုံးကစားသမားဆုနှင့် နေရာလိုက်အကောင်းဆုံးကစားသမားဆုတို့ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီ ချန်ပီလိဂ်ပြိုင်ပွဲ၏အကောင်းဆုံးကစားသမားဆုကို ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား ဒမ်ဘီလီက ဘာစီလိုနာအသင်းမှကစားသမားများကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့သည်။

ဒမ်ဘီလီသည် ယခုဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံဆုဆွတ်ခူးရာ၌ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အသင်းအတွက် သွင်းဂိုး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်ပေးနိုင်ပြီးနောက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒမ်ဘီလီသည် ယခုဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလား၊ ပြင်သစ်လီဂူးဖလားနှင့်ပြင်သစ်ကိုပါဒယ်ရေးဖလားတို့ကို တစ်ရာသီအတွင်း ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်လာပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက်ပါ ရေပန်းစားလျက်ရှိနေသည်။

အလားတူ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ လူငယ်အကောင်းဆုံးကစားသမားဆုကိုလည်း ပီအက်စ်ဂျီအသင်း ဗိုလ်လုပွဲတွင် အင်တာမီလန်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ရာတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် လူငယ်တိုက်စစ်ကစားသမား ဒိုယီက ဆွတ်ခူးနိုင်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ၏ နေရာလိုက်အကောင်းဆုံးကစားသမားများအဖြစ် ဂိုးသမားနေရာ၌ ဒွန်နာရမ်မာ၊ ခံစစ်ကစားသမားနေရာ၌ မန်ဒက်၊ ဘော့စတိုနီ၊ မာကွင်ဟို၊ ဟာကီမီ၊ ကွင်းလယ်ကစားသမားနေရာ၌ ဒီကလန်ရိုဒ်၊ ဗီတင်ဟာ၊ တောင်ပံကစားသမားနေရာ၌ ရာဖင်ဟာ၊ ယာမယ်နှင့် တိုက်စစ်ကစားသမားနေရာ၌ ဒမ်ဘီလီနှင့်ဒိုအီတို့ပါဝင်လာခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပီအက်စ်ဂျီအသင်းမှ ခုနစ်ဦးအထိ ပါဝင်လာခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နာပိုလီအသင်းက ဒီဘရိုင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိထား

ရောမ ဇွန် ၂

နာပိုလီအသင်းက မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသည့် ထိပ်တန်းကွင်းလယ်ကစားသမား ဒီဘရိုင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်းတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုကြာကစားခဲ့ပြီး အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလား စသည့်ဆုဖလားများအပါအဝင် ဆုဖလားအများအပြားဆွတ်ခူးနိုင်ခဲ့ပြီး မန်စီးတီးအသင်း ဥရောပတွင် ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ဒီဘရိုင်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများနှင့် မေဂျာလိဂ် ထိပ်တန်းကလပ်အသင်းများကလည်း ခေါ်ယူရန်ကြိုးပမ်းခဲ့ကြသော်လည်း ဒီဘရိုင်းကိုယ်တိုင်က ဥရောပကလပ်အသင်းတစ်သင်းတွင်သာ ကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကိုငြင်းပယ်ခဲ့ပြီး နာပိုလီအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၉၃/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ပဲခူး-ညောင်လေးပင်လမ်းပိုင်းတွင်(ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ကဒုတ်၊ ဖောင်တော်သီ၊ အိမ်ခြေလေးဆယ်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်)(၂)ခန်းတွဲ ဝန်ထမ်းနေအိမ်(၈)လုံးတည်ဆောက်ခြင်း(၄၄' x ၃၂')၊ RC Structure, Brick Walling, ကွန်ကရစ်ကြမ်းခင်း 4 Angle အမိုး(ရေ၊ မီး၊ မိလ္လာအပါအဝင်) |
| ၂ | ၉၄/မမ/CE | ညောင်လေးပင်-တောင်ငူအပိုင်း၊ ညောင်လေးပင်-ဖြူးကြား သံကူကွန်ကရစ်တိုင်ဖြင့် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၂၅၀၀၀-ပေ)<br>Lot(1) |
| ၃ | ၉၅/မမ/CE | ညောင်လေးပင်-တောင်ငူအပိုင်း၊ ညောင်လေးပင်-ဖြူးကြား သံကူကွန်ကရစ်တိုင်ဖြင့် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၂၅၀၀၀-ပေ)<br>Lot(2) |
| ၄ | ၉၆/မမ/CE | ညောင်လေးပင်-တောင်ငူအပိုင်း၊ ညောင်လေးပင်-ဖြူးကြား သံကူကွန်ကရစ်တိုင်ဖြင့် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၂၅၀၀၀-ပေ)<br>Lot(3) |
| ၅ | ၉၇/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း**<br>ညောင်လေးပင်-တောင်ငူလမ်းပိုင်းတွင်(၂)ခန်းတွဲ ဝန်ထမ်းနေအိမ်(၂)လုံးတည်ဆောက်ခြင်း (၄၄'x ၃၂')(RC ရေ၊ မီး၊ မိလ္လာအပါအဝင်)နှင့် (၄)ခန်းတွဲဂိတ်စောင့်နေအိမ်(၂)လုံးတည်ဆောက်ခြင်း(၈၈'x ၃၂')(RC ရေ၊ မီး၊ မိလ္လာအပါအဝင်) |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၂-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၈၈/မမ/CME/MIT | 100 kVA Diesel Engine Generator(Sound Proof)(1-Set)ဝယ်ယူရန် |
| ၂ | ၈၉/မမ/CME/MIT | ကုန်တွဲများအကြီးတန်းပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၀၇)မျိုး |
| ၃ | ၉၀/မမ/CME/MIT | လူစီးတွဲများအကြီးတန်းပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၂၃၀)မျိုး |
| ၄ | ၉၁/မမ/CME/MIT | လေအိတ်ဘိုဂီလူစီးတွဲ(၄)တွဲ၊ တွဲအတွင်းပိုင်းပြင်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၉၁)မျိုး |
| ၅ | ၉၂/မမ/CME/MIT | ရန်ကုန်မြို့ပတ်ရထားလမ်းတွင် လျှပ်စစ်ပိုင်းဆိုင်ရာ Maintenance ပြုလုပ်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် Turnkey စနစ်ဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ် (၁)(၁၆-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ် (၂ မှ ၅)(၃၀-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗညားဒလလမ်းနေ မောင်ထူးအောင်ရှိန်(ဘ)ဦးတင်အေး ၃/မဝတ(နိုင်)၀၅၈၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၅၈၂၈၀

**အမည်မှန်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ နှမ်းခင်းကြီးကျေးရွာနေ အဘဦးမြင့်သိန်း၏သမီး ဒေါ်သီတာဦး၏အမည်မှန်မှာ ဒေါ်ကေသီဦး ၁၃/ကဟန(နိုင်)၀၂၀၆၂၇ ဖြစ်ပါကြောင်း။ **ဒေါ်ကေသီဦး**

**မိခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့ အ.ထ.က(၁) Grade-9 တွင် ပညာသင်ကြားနေသော မောင်အောင်အောင်ဦး၏မိခင် ဒေါ်မျိုးသန္တာဦး၏အမည်မှန်မှာ ဒေါ်သန္တာဦး ၉/လဝန(နိုင်)၂၁၀၅၁၀ ဖြစ်ပါကြောင်း။ **ဒေါ်သန္တာဦး**

**ပျောက်ဆုံးကြောင်း**

ထက်အိန္ဒြာဝန်း(ဘ)ဦးမင်းမင်းထွန်း ၁၂/လယရ(နိုင်)၀၁၀၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Butterfly Valve/ Centrifugal/ Submersible Motor & Pump | ၁၀ လုံး/၃၃ လုံး/၄၁ စုံ |
| (ခ) | Soft Starter/ Water Meter/ Smart Meter/Anthracite Coal | ၂ စုံ/၃၃ လုံး/၄၄ လုံး/၉.၁၈ တန် |
| (ဂ) | Jar Tester/ Biological/Microscope/ Level/Pressure Sensor | ၁ လုံး/၁ လုံး/၁ စုံ/၁ စုံ |
| (ဃ) | Valve Actuator/ Dispensor Pump/ Flow Meter | ၁ စုံ/၁ လုံး/၁ လုံး |
| (င) | Transformer(၂)မျိုး/Generator(၄)မျိုး/ Production Printer | ၅ လုံး/၆ လုံး/၁ လုံး |
| (စ) | တာယာ(၃၈)မျိုး/ဘက်ထရီ(၁၁)မျိုး | ၂၇၃၂ လုံး/စုံ/၉၀၇ လုံး |
| (ဆ) | စက်ဆီ/ချောဆီ(၁၁)မျိုး | ၁၇၈၀၈ ဂါလန်/၁၉၄၀ Kg/၁၄၃၀ လီတာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၆-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၇-၆-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၄)ခရိုင်အတွင်းရှိမြို့နယ်များအတွက် ၀.၄ ကေဗွီကောင်းကင်ဓာတ်အားလိုင်းကန်ထရိုက်တိုက်သို့ Service Wire ဆွဲသားခြင်းနှင့် Meter အဝင် Connection ပြုလုပ်ရန်အတွက်လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၃-၆-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၇-၆-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါပိတ်ရက်ပြင်ဆင်ချက်

မြန်မာ့မီးရထားမှ ခေါ်ယူခဲ့သော တင်ဒါအမှတ်-၉၁/မမ/ပတ/CME(MIT)(25-26) လေအိတ်ဘိုဂီလူစီးတွဲ(၄)တွဲ တွဲအတွင်းပိုင်းပြင်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၉၁)မျိုး၏ တင်ဒါပိတ်ရက်အား လုပ်ငန်းလိုအပ်ချက်အရ(၃၀-၆-၂၀၂၅) အစား (၁၆-၆-၂၀၂၅)ရက်နေ့အဖြစ် ပြင်ဆင်သတ်မှတ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် -(၁၆-၆-၂၀၂၅)
နေ့လယ်(၂:၃၀)နာရီ

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**

ဝေထက်လင်း(ဘ)ဦးမောင်ညို ၉/မခန(နိုင်)၂၉၇၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 000136)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇင်မာဖြိုး(ဘ)ဦးသိန်းထွေး ၁၄/ပသန(နိုင်)၂၀၇၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ကျွန်မ ခင်ယမင်း ၅/မမတ(နိုင်)၁၁၅၄၄၅ ၏မိခင်အမည်မှာ ဒေါ်မြမြနှင်း(ခ)ဒေါ်မြမြဝင်း ၅/မမတ(နိုင်)၀၇၃၉၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မြမြနှင်း(ခ)ဒေါ်မြမြဝင်း**

**ပျောက်ဆုံးကြောင်း**

သွယ်သွယ်အောင်(ဘ)ဦးသောင်းမြင့် ၈/မသန(နိုင်)၁၁၂၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မောင်နိုင်(ဘ)ဦးမြင့်သိန်း ၇/သနပ(နိုင်)၁၂၃၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အိဇာဖြူ(ဘ)ဦးကြံဖျား ၁၀/ကထန(နိုင်)၁၄၁၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 851845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၂၈၇၆၇၂

**အမည်ပြောင်း**

ဆားလင်းကြီးမြို့နယ်၊ အထက(ကြေးနီ) Grade-1 မှ အဘ ဦးစိုင်းဗိုလ်ဗိုလ် ၅/ဆလက(နိုင်)၀၅၆၈၇၉ ၏သမီး မဂျူရီခေတ်အား မခင်ရတနာဗိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်ရတနာဗို**

**ပျောက်ဆုံးကြောင်း**

စိုးမျိုးဖြူ(ဘ)ဦးကျော်စိုး ၁/မညန(နိုင်)၀၉၉၁၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၅၄၁၈၉၉၉

**ပျောက်ဆုံးကြောင်း**

ငွေးအောင်(ဘ)ဦးထွန်းရှိန် ၁၂/ရပသ(နိုင်)၀၂၉၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဇော်လတ်(ဘ)ဦးလှတင် ၁၂/ဒဂန(နိုင်)၀၃၀၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

သီရိခိုင်(ဘ)ဦးသောင်းဦး ၁၄/လမန(နိုင်)၁၂၉၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၈၇၇၅၃၃

**ပျောက်ဆုံးကြောင်း**

ပြည့်မှူးခင်(ဘ)ဦးအောင်ဆန်းလွင် ၅/မရန(နိုင်)၃၆၀၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၄၇၈၂၈၅

**ပျောက်ဆုံးကြောင်း**

အေးစုခိုင်(ဘ)ဦးအေးသိန်း ၇/ပတတ(နိုင်)၀၇၃၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 025222)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၈၁၅၉၃၃

**ပျောက်ဆုံးကြောင်း**

သက်မောင်မောင်ကြူး(ဘ)ဦးကျင်ပို့ ၁၂/ရကန(နိုင်)၀၇၂၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 067965)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၈၁၉၃၂

**ပျောက်ဆုံးကြောင်း**

စုဝေစိုး(ဘ)ဦးစိုးတင့် ၈/တတက(နိုင်)၂၁၄၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**

အောင်ကျော်ဇော(ဘ)ဦးလှဦး ၁၂/သကတ(နိုင်)၁၄၁၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**

တင်တင်နွယ်(ဘ)ဦးသိန်းနိုင် ၁၂/လမန(နိုင်)၁၇၆၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 931939)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၄၃၆၆၇၁

**ပျောက်ဆုံးကြောင်း**

ဇင်မျိုးသူ(ဘ)ဦးအောင်စိန် ၁၃/နခတ(နိုင်)၀၇၃၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၆၀၃၈၃၂

**ပျောက်ဆုံးကြောင်း**

သန်းဇော်ဝင်း(ဘ)ဦးကျော်ဝင်း ၁၂/သလန(နိုင်)၀၃၁၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၇၇၇၆၄၈

**ပျောက်ဆုံးကြောင်း**

ဦးကုန္ဒသီရိ(ဘ)ဦးသောင်း ၁၂/ဥကမ(သ)၀၀၀၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 516648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စိုးဝဏ္ဏဝင်း(ဘ)ဦးအုန်းတင် ၃/ဘအန(နိုင်)၁၈၇၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၄၉၃၁၀၃

**ပျောက်ဆုံးကြောင်း**

ရဲကျော်သူ(ဘ)ဦးကျော်ဝင်း ၁၂/လသယ(နိုင်)၀၀၂၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၁၆၉၄၆၈

**ပျောက်ဆုံးကြောင်း**

အေးသန္တာ(ဘ)ဦးလှအောင် ၁၂/ရပသ(နိုင်)၀၈၅၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၇၁၃၉၇

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်နေ ဝေဖြိုးအောင်(ဘ)ဦးမြင့်သိန်းဝင်း ၅/ဒပယ(နိုင်)၁၆၁၉၈၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MG 929858)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 82W/21194 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အောင်မေခင် ၃/ဘအန(နိုင်)၂၇၃၁၈၅ ကပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

**ပျောက်ဆုံးကြောင်း**

ဝေယံကျော်(ဘ)ဦးလှဝင်း ၁၂/လမတ(နိုင်)၀၃၆၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၂၂၃၄၀၈

**ပျောက်ဆုံးကြောင်း**

နေထွန်းလင်း(ဘ)ဦးကျော်ယဉ် ၁၂/ကတတ(နိုင်)၀၁၁၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၀၂၂၆၄၁

**ပျောက်ဆုံးကြောင်း**

မေသန္တာ(ဘ)ဦးအေးသန်း ၁၂/ကမန(နိုင်)၀၆၆၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၇၆၄၉၂၃

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

ကျော်သက်ထွန်း(ဘ)ဦးထွန်းအေး ၉/စကတ(နိုင်)၀၇၇၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 692688)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၉၁၈၆၂၁၂

**ပျောက်ဆုံးကြောင်း**

ခင်မေ(ဘ)ဦးစောအောင် ၁၁/မအတ(နိုင်)၀၀၀၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 835560)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁



အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇
DAGON
ဒဂုံ
MALTA FRESH
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON
DAGON Lemon Barley Sparkling




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
DOUBLE ELEPHANT PORTLAND CEMENT
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအဝေးပြေးဂိတ်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
SIN MINN
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

- ❖ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့်နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်...
- ❖ ထိုသို့ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်လည်းဖြစ်...
- ❖ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည်ဖြစ်သကဲ့သို့ ဒို့တာဝန်အရေး ၃ ပါးကို ပြည်သူနှင့်တပ်မတော်အတူတကွ ဦးထမ်းပဲ့ထမ်းတာဝန်ထမ်းဆောင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ မိုးရွာသွန်းမှုများပြားသောကြောင့် ရပ်ကွက်များအတွင်း ရေကျော်မှုများဖြစ်ပွားသည့်နေရာများသို့ နယ်မြေခံတပ်မတော်သားများမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြစ်ကြီးနားမြို့ ရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများရှိ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ စက်လှေများဖြင့် ကူညီရွှေ့ပြောင်းပေးစဉ်။

နေပြည်တော် ဇွန် ၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ မိုးရွာသွန်းမှုများပြားသောကြောင့် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းနံဘေးရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေများဝင်ရောက်လျက်ရှိရာ ဇွန်လ ၁ ရက်နေ့တွင်

စာမျက်နှာ ၉ ကော်လံ ၁ ➤

## မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်အတွင်း ရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| စစ်တွေ | ၅ | ဒသမ | ၃၉ | လက်မ |
| ကျော့ကရိတ် | ၅ | ဒသမ | ၀၀ | လက်မ |
| ဘားအံ | ၃ | ဒသမ | ၃၁ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| ရေး | ၂ | ဒသမ | ၆၀ | လက်မ |
| ကျိုက်မရော | ၂ | ဒသမ | ၅၆ | လက်မ |
| ဆင်ဖြူကျွန်း | ၂ | ဒသမ | ၅၂ | လက်မ |
| ကသာ | ၂ | ဒသမ | ၃၆ | လက်မ |
| သာပေါင်း | ၂ | ဒသမ | ၂၈ | လက်မ |
| လေးမျက်နှာ | ၂ | ဒသမ | ၂၇ | လက်မ |

**အွန်လိုင်းမှတစ်ဆင့် ကုန်ပစ္စည်းများအား တရားမဝင်တင်သွင်းရောင်းချ၍ အကြမ်းဖက်အဖွဲ့များအားထောက်ပံ့ပေးလျက်ရှိသော ချမ်းမြငြိမ်း(ခ) ချမ်းချမ်း(အဆိုတော်)၏ခိုင်းစေမှုဖြင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသူများအား ဖမ်းဆီးရမိ**

စာ - ၂၅ သို့